မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်နေ့၊ ၂၀၁၀ ခုနှစ်၊ မေ ၂၇ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၃၄)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၅၃/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၆ ရက်)

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာလမ်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ အမှတ်(၉) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအား ၂၀၁၀ ပြည့်နှစ်၊ မေလ ၂၆ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၁၅) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၄/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၅၄/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၆ ရက်)

ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ တောင်ပြင်ရပ်ကွက်တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP) အား ၂၀၁၀ပြည့်နှစ်၊ မေလ ၂၆ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP)၏ မှတ်ပုံတင်အမှတ်မှာ (၁၆) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၅/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၅၅/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၆ ရက်)

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)
THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုမီနီယံ၊ အခန်း(၃၀၁)၊ တိုက်(အက်ဖ်)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) အား ၂၀၁၀ပြည့်နှစ်၊ မေလ ၂၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) ၏ မှတ်ပုံတင်အမှတ်မှာ (၁၇) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနေသော မြိတ်တက္ကသိုလ်။

လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေသော မြိတ်တက္ကသိုလ်

သတင်းမှတ်စု - တင်မာဝင်းနှင့် မြကေခိုင်စိုး ➤ သတင်းဓာတ်ပုံ - မြန်မာ့အလင်း

ရန်ကုန် မေ ၂၆

နိုင်ငံတော်က ပြည်နယ်နှင့်တိုင်းရှိ မြို့ကြီးများသာမက ပြည်ထောင်စုကြီး၏ အချက်အချာကျသည့် ဖွံ့ဖြိုးရေးဒေသများ၏ တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားပြီး အတွေးအခေါ်ဗဟုသုတ ကြွယ်ဝစေရန်နှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံစေရေးအတွက် ပညာရေးကဏ္ဍကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၃ ○

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၂၇ ရက်)

စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သော နိုင်ငံ့သားကောင်းများဖြစ်ရန် ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသတွင်လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးကိုဆောင်ရွက်ပေးနိုင်မည့် အဆင့်မြင့် ပညာတတ်ကျွမ်းသော အသိပညာနှင့် အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သင်တန်းအမှတ်(၉)ဆင်းပွဲကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အဆိုပါကောလိပ်၌ မေလ ၂၃ ရက်နေ့က ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရသည် တည်ငြိမ်အေးချမ်းလာသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုချမှတ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုကို အစီအစဉ်တကျ ဖြည့်ဆည်းပေးလျက်ရှိသည်။

နယ်စပ်ဒေသ ဒေသခံတိုင်းရင်းသားကလေးများအတွက် ပညာရေးအခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာခဲ့သည်နှင့်အမျှ ရရှိဖြစ်ထွန်းနေသည့်အခြေခံကောင်းများ ရေရှည်ထိန်းသိမ်းမြှင့်တင်ပေးနိုင်စွမ်းရှိမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ နယ်စပ်ဒေသလူငယ်များအတွင်းမှ ဖြစ်ထွန်းလာစေရန် ၂၀၀၀ပြည့်နှစ်မှစ၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ဖွင့်လှစ်ပေးခဲ့သည်။

ယင်းဒီဂရီကောလိပ်နှစ်ခုမှ ၂၀၀၉ ခုနှစ်အထိ မွေးထုတ်လိုက်သည့် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိသူ ၈၆၆ ဦး၊ အင်ဂျင်နီယာဒီပလိုမာရရှိသူ ၃၆၁ ဦး ပေါင်း ၁၂၂၇ ဦးရှိခဲ့ရာ ယခုအခါနိုင်ငံ့ဝန်ထမ်းများအဖြစ် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ ထို့အပြင် မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ M.E၊ B.E ဘွဲ့ရရှိကြသူများကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၉ခုနှစ်မှ ယနေ့အထိ ငွေကျပ် သန်းပေါင်း ၃၁၄၅၃၀ကျော် အကုန်အကျခံဆောင်ရွက်ပေးခဲ့ရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်သင်တန်းဆင်းကျောင်းသားများသည် စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိပြီး အရည်အသွေးပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်စေရန် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဇွန်၁ရက်၌ ကျင်းပမည်

ရန်ကုန် မေ ၂၆

(၂၅၇)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဇွန် ၁ရက်(အင်္ဂါနေ့)တွင် အောင်ဘာလေသိန်းဆု ဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် အမှတ် ၃၈၄ ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှစတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည် ဖြစ်သည်။

ဆုမဲများ

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း (၁၀၀၀) တစ်ဆု၊ ငွေကျပ် သိန်း (၅၀၀) တစ်ဆု၊ ငွေကျပ် သိန်း (၃၀၀) နှစ်ဆု၊ ငွေကျပ် သိန်း (၂၀၀) ငါးဆု၊ ငွေကျပ် သိန်း (၁၀၀) ၁၃ ဆု၊ ငွေကျပ် (၁၀)သိန်း ၂၈၆ ဆု၊ ငွေကျပ် (ငါးသိန်း) သုံးဆု၊ ငွေကျပ် (သုံးသိန်း) ၁၄၄ ဆု၊ ငွေကျပ် (နှစ်သိန်း)ဆု ၁၂၆၀၊ ငွေကျပ် (တစ်သိန်း) ၁၂၃၅၄ ဆု အပါအဝင် စုစုပေါင်း ဆုမဲ ၁၄၀၆၉ ဆုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီး သူရဦးအေးမြင့်အား ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး Mr. Cho Byungjae နှင့် အဖွဲ့သည် မေ ၂၄ရက် နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအားကစားဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည် မကွေးတိုင်း ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအားတွေ့ဆုံ

မင်းဘူး မေ ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်နှင့် မကွေးတိုင်း မင်းဘူးခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲနှင့် ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာသင်တန်းကို မေ ၁၈ရက်က မင်းဘူး(စကု)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က အဖွင့်အမှာစကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)** ထို့နောက် ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဥက္ကဋ္ဌများက ရွေးကောက်ပွဲဆိုင်ရာနှင့် စပ်လျဉ်း၍ မြို့နယ်အလိုက် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုလေ့လာ

တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က အသေးစိတ် ပြန်လည်ရှင်းလင်းပြီးနောက် ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မဲရုံတည်ဆောက်မှုနှင့် ဆန္ဒမဲပေးခန်းများ သရုပ်ပြမှုကို ကြည့်ရှုလေ့လာကြသည်။

တက်ရောက်

အခမ်းအနားသို့ မကွေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၁၀

(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ကြီးကျယ်မြင့်မြတ် မဟာသမယ** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၃)
- ၈:၃၀ Sports World [Contender -(Netherland)]
- ၈:၅၅ လင်းရောင်ခြည်များပွင့်လန်းနေရာ စစ်ကိုင်းတိုင်း ဝါးချက်မှာ
- ၉:၁၅ Activities in the City [သာသနာ့အာဇာနည်(၅၈)ပါး ပူဇော်ပွဲအခမ်းအနား]
- ၉:၂၅ အေးချမ်းဆိတ်ငြိမ်မှုတို့ ဖြစ်တည်ရာ ထားဝယ် စန္ဒကူးမြိုင် သာသနာ့ရိပ်သာ
- ၉:၃၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ- မေစံပယ်ညို)
- ၁၀:၀၅ ရိုးရာဆေးပညာမှ လူထုကျန်းမာရေး စောင့်ရှောက်မှုသို့
- ၁၀:၁၅ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်- မျိုးကျော့မြိုင်)
- ၁၀:၄၅ ရှေးဟောင်းအမွေ ဆည်ကန်ရေ၊ စိမ်းစိုလန်းဖြာ မြကန်သာ
- ၁၀:၅၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ ကိန္နရီစတိုး (၂)
- ၁၁:၁၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဆွေတစ်ရာ မောင်တစ်ကျိပ်**
- ၁၁:၄၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ချိုချိုမြင့်နှင့် တွေ့ဆုံခြင်း)
- ၁၂:၁၀ **ရှင်နှောင်း ကျောင်းရောက်ပြီ** ကြည်စိုး၊ ထူးသာ၊ ချောနဝင်း၊ ယွန်းငုံဖူး၊ (ဒါရိုက်တာ- ဦးခင်ဇော်)
- ၁၂:၃၀ ရန်ကုန်မြင်ကွင်းကျယ် Happy Mother's Day (Dumex)
- ၁၂:၄၅ ရှင်တော်မဟာမုနိ.... ဘဂဝါပူဇေမိ
- ၁:၀၀ **ကြီးကြယ်မြင့်မြတ် မဟာသမယ** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Pop Fashion-2)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၃)
- ၄:၀၀ လင်းရောင်ခြည်များ ပွင့်လန်းနေရာ စစ်ကိုင်းတိုင်း ဝါးချက်မှာ
- ၄:၂၀ Activities in the City [သာသနာ့အာဇာနည် (၅၈)ပါး ပူဇော်ပွဲ အခမ်းအနား]
- ၄:၃၀ အေးချမ်းဆိတ်ငြိမ်မှုတို့ ဖြစ်တည်ရာ ထားဝယ် စန္ဒကူးမြိုင် သာသနာ့ရိပ်သာ
- ၄:၄၅ ရန်ကုန်မြင်ကွင်းကျယ် (DELL Consumer Product Launching Party)
- ၅:၀၅ ရိုးရာဆေးပညာမှ လူထုကျန်းမာရေး စောင့်ရှောက်မှုသို့
- ၅:၁၅ ရဲယိုနှင့် ကျန်းမာရေး
- ၅:၃၀ အနုပညာမိုးကောင်းကင်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ချိုချိုမြင့်နှင့် တွေ့ဆုံခြင်း)
- ၆:၄၅ ရန်ကုန်မြင်ကွင်းကျယ် Happy Mother's Day (Dumex)
- ၇:၀၀ Fashion Music Festival (Pop Fashion-2)
- ၇:၃၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ ကိန္နရီစတိုး (၂)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့ နားခိုရာ- မေစံပယ်ညို)
- ၈:၅၅ အနုပညာ မိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၃)
- ၁၀:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဆွေတစ်ရာ မောင်တစ်ကျိပ်**
- ၁၀:၃၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်- မျိုးကျော့မြိုင်)
- ၁၀:၅၅ ရန်ကုန်မြင်ကွင်းကျယ် (DELL Consumer Product Launching Party)
- ၁၁:၁၅ ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ မြင့်မြင့်သန်း)
- ၁၁:၃၅ ရွှေတောင်စက်ရုံ စွမ်းပကား စက်မှု(၁)ရဲ့အား
- ၁၁:၄၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၉ခုနှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၂၆

သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်-

ထူးချွန်ဆု

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၃၁ဌာနတို့၌ ဖြေဆိုသူ ၂၄၄၃၈ဦး၊ အောင်မြင်သူ ၁၁၉၆၅ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၉၈၂ဦးရှိပြီး တစ်နိုင်ငံလုံး၌ အမှတ်အများဆုံး (ထူးချွန်ဆု) ရရှိကြသူများမှာ ပထမ ခုံအမှတ်-၁၀၈ မဓီရပဝသိဒ္ဓိ မရမ်းကုန်းစာဖြေဌာန မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယ ခုံအမှတ်-၅၁ မသန္တာအောင် ကျုံမငေးစာဖြေဌာန ကျုံမငေးမြို့ ဧရာဝတီတိုင်း၊ တတိယ ခုံအမှတ်- ၁၅ သန္တာအေး မုဒုံစာဖြေဌာန မုဒုံမြို့ မွန်ပြည်နယ်တို့ ဖြစ်သည်။

ဂုဏ်ထူးဆောင်

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၉ဌာနတို့၌ ဖြေဆိုသူ ၃၄၆၁ဦး၊ အောင်မြင်သူ ၃၂၁၂ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၈၆၃ဦးရှိပြီး တစ်နိုင်ငံလုံး၌ အမှတ်အများဆုံး (ထူးချွန်ဆု) ရရှိကြသူများမှာ ပထမ ခုံအမှတ်-၃ မသုမေ္မာစာရီ ဟင်္သာတစာဖြေဌာန ဟင်္သာတမြို့ ဧရာဝတီတိုင်း၊ ဒုတိယ ခုံအမှတ်-၅ မဣသရိယ ဟင်္သာတစာဖြေဌာန ဟင်္သာတမြို့ ဧရာဝတီတိုင်း၊ တတိယ ခုံအမှတ်- ၈ မောင်ကျော်လင်းဌေး မိတ္ထီလာစာဖြေဌာန မိတ္ထီလာမြို့ မန္တလေးတိုင်းတို့ ဖြစ်သည်။

အောင်မြင်

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၈၀တို့၌ ဖြေဆိုသူ ၁၆၀၁ဦး၊ အောင်မြင်သူ ၁၃၇၄ဦး၊ နှစ်ချင်းပေါက် သုံးဆင့်အောင်မြင်သူ ၂၃၄ဦးရှိပြီး တစ်နိုင်ငံလုံး၌ အမှတ်အများဆုံး (ထူးချွန်ဆု) ရရှိကြသူများမှာ ပထမ ခုံအမှတ်- ၂ ဒေါ်ခင်စန်းရီ ကျောက်မဲစာဖြေဌာနကျောက်မဲမြို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ဒုတိယ ခုံအမှတ်-၅ မောင်လှမျိုးထွန်း သပြေလှစာဖြေဌာန ရွှေကူမြို့နယ် ကချင်ပြည်နယ်၊ တတိယ ခုံအမှတ်-၃ မဥမ္မာသင်း မုဒုံစာဖြေဌာန မုဒုံမြို့ မွန်ပြည်နယ်တို့ဖြစ်သည်။

အောင်စာရင်းအပြည့်အစုံကို မြို့နယ်သံဃနာယကအဖွဲ့များ၊ ပြည်နယ်/တိုင်းသာသနာရေးရုံးများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ငါး၊ ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း ဖမ်းဆီးခြင်းမပြုရန် တားမြစ်ခြင်း

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးသယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းရန်အလို့ငှာ ငါး၊ ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ၂၀၁၀ ခုနှစ် ဇွန်လ ၁ရက်မှ ၂၀၁၀ခုနှစ် ဩဂုတ်လ ၃၁ရက်နေ့အထိကို အောက်ဖော်ပြပါ တည်နေရာများအတွင်း ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် ညွှန်ကြားချက်အမှတ် (၃/၂၀၁၀)ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

၂။ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်ထားသည့် တည်နေရာမှာ-

ရခိုင်ငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ် အေ-၂၀)ရှိ ငါးလုပ်ငန်းရေပြင်။

ဧရာဝတီငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဘီ-၁၅၊ ဘီ-၂၀) (ငါးဖမ်းကွက်အမှတ် စီ-၃နှင့် စီ-၄တွင် ကမ်းခြေမှ၁၀မိုင် ကမ်းနီးဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်။

မွန်နှင့် တနင်္သာရီငါးဖမ်းကွက်

မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၆ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဒီ-၈၊ ဒီ-၁၃၊ ဒီ-၁၈)နှင့် (ငါးဖမ်းကွက်အမှတ် ဒီ-၂၃၊ ဒီ-၂၈တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး-၁၁၊ အီး-၁၇)ရှိ ငါးလုပ်ငန်းရေပြင်။

မြောက်လတ္တီတွဒ် ၁၁ဒီဂရီ ၅၅မိနစ်မှ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၉မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၁၅မိနစ်အတွင်း (တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ဝက်ဖြူတောင်နှင့် သာများမိကျွန်းတစ်ဝိုက်)ရှိ ငါးလုပ်ငန်းရေပြင်။

၃။ သို့ဖြစ်ပါ၍ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါး၊ ပုစွန်များ မျိုးပေါက်ပွားချိန်အတွင်း အထက်ဖော်ပြပါ တည်နေရာများ၌ ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

ဝန်ကြီး ဦးသိန်းအောင်အား ထိုင်းနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်အား ထိုင်းနိုင်ငံ PTT- International ကုမ္ပဏီမှ Investment Advisor Mr. Suppamas Prachakvej ဦးဆောင်သည့် အဖွဲ့ဝင်ခြောက်ဦးပါဝင်သောအဖွဲ့သည် ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး သစ်တောကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

အလေးထား

ယနေ့အချိန်အခါတွင် နိုင်ငံအတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလုံလောက်လောက် မွေးထုတ်ပေးလျက်ရှိပြီး ပညာရေးမြှင့်တင်မှု အစီအမံများကို အလေးထား ဆောင်ရွက်ပေးနေရာမှ တနင်္သာရီတိုင်း မြိတ်မြို့ရှိ မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင်ကို ၂၀၀၈ခုနှစ် မတ် ၃ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ဖော်ဆောင်ပေး

ဤသည်မှာ တနင်္သာရီဒေသတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရအောင် ထားဝယ်ဒေသနှင့် မြိတ်ဒေသတို့ကို ဖွံ့ဖြိုးရေး အထူးဒေသကြီးများအဖြစ် သတ်မှတ်လျက် ဒေသဖွံ့ဖြိုးရေးအပြင် ပညာအရည်အသွေးမြင့်မားပြီး ပညာရေးအခွင့်အလမ်းကောင်းများ ဖြန့်ကြက် ဖြစ်ထွန်းစေရေးအတွက် ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်သည်။

ယခုကဲ့သို့ ပညာရည်မြင့်မားတိုးတက်ရုံသာမက ဆင်ခြင်တွေးတောတတ်သည့် အသိဉာဏ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အခြေခံဖြစ်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ရှင်သန်နိုးကြားစေရေးဖြစ်ပါကြောင်း သတင်းမှတ်စု ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ သံယောဇဉ်ဆွဲအားစာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၂၆

စာရေးသူစိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၏ သံယောဇဉ်ဆွဲအားစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ (ယာပုံ)

အဆိုပါစာအုပ်တွင် သံယောဇဉ်ဆွဲအား၊ ဘဝဆည်းဆာ၊ ကိုယ်သာပန်းစေ စိတ်မနွမ်းစေနဲ့၊ ပြီးပြည့်စုံတဲ့ဘဝ၊ ဆည်းဆာမှာ ချမ်းမြေ့စွာနေနိုင်ဖို့၊ နေ့စဉ်ဘဝလေးထဲမှာပဲ သတိလေးနဲ့ နေပေးပါ၊ တကယ့်အဖော်၊ ကိုယ်တွေ့တရား၊ မျှော်လင့်ခြင်းသည်ရင်မှာ၊ နိဗ္ဗာန်၊ ဘဝဖြစ်တည်မှုနှင့် အနတ္တဒေသနာဟူသည့် စာစု(၁၁)ပုဒ်ကို စုစည်းဖော်ပြထားသည်။

ကင်ဆာဝေဒနာရှင်များအား ကိုယ်တိုင်ကုသ ထိတွေ့ဆက်ဆံနေရသည့် သမားတော်ကြီးတစ်ဦး၏ ရောဂါရှင်ဝေဒနာသည်များအပေါ်ထားရှိသည့် မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားများကို တရားမွေသံဝေဂနှောက အချစ်၊ အလွမ်း၊ ရသများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ရသမြောက်စာစုများဖြစ်သည်။

ထုတ်ဝေဖြန့်ချိ

စာရေးသူက သံယောဇဉ်ဆွဲအား(ယခုစာအုပ်)ကို ဖတ်ရှုပြီးသွားရင် စာဖတ်သူများအနေဖြင့် အစိုးမရတဲ့လောကကြီးမှာ သတိနဲ့အတူနေတဲ့စိတ်၊ တည်ငြိမ်အေးချမ်းတဲ့စိတ်နဲ့ မိမိဘဝဆည်းဆာကို အကောင်းဆုံး ရင်ဆိုင်သွားနိုင်မယ်လို့ မျှော်လင့်မိကြောင်း၊ ဘဝတိုတို နေညီညီဆိုတဲ့အတိုင်း ဘယ်သူမဆိုရောက်ရမယ့် မဝေးကွာတော့တဲ့ ဆည်းဆာကာလလေးမှာ သံယောဇဉ်အနှောင်အဖွဲ့တွေကနေ နည်းနိုင်သမျှနည်းအောင်နေပြီး တရားရှုမှတ်အားနှင့် မြင့်မြတ်တဲ့ဘုံဘဝတွေကိုရအောင် ကြိုးစားအားထုတ်စေချင်ပါကြောင်း၊ ကမ္ဘာ့ဆွဲအားထက် အင်အားများစွာကြီးမားတဲ့ သံယောဇဉ်ဆွဲအားတွေကနေ ရုန်းထွက်နိုင်ပြီး တည်ငြိမ်အေးချမ်းတဲ့စိတ်လေးနဲ့ ကျန်နေတဲ့ ဆည်းဆာကာလလေးကို အားလုံးချမ်းမြေ့စွာ ကျော်ဖြတ်နိုင်ကြပါစေကြောင်းဖြင့် သူ့ဆန္ဒကို တစ်စွန်းတစ်စ လှစ်ဟပြထားသည်။ ယင်းစာအုပ်ကို ယုံကြည်ချက်စာပေမှ တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

(သတင်းစဉ်)

မြောက်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာဖွယ်

နေပြည်တော် မေ ၂၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ကျန်ပြည်နယ်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ဧရာဝတီတိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မေ ၂၇ ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မကွေးတိုင်းတွင် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

မကွေး မေ ၂၆

မကွေးတိုင်း ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၅ရက် နံနက် ၈နာရီက မကွေးမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း ပန်းဟေဝန်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်သိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

လှူဒါန်း

အခမ်းအနားတွင် မကွေးတိုင်း ပညာရေးဌာန မကွေးတက္ကသိုလ်နှင့် မကွေးတိုင်း အမျိုးသမီးရေးရာ ကြီးကြပ်ရေးအဖွဲ့အပါအဝင် လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ကျောင်းသုံးဗလာစာအုပ်များ၊ ပုံနှိပ်စာအုပ်များ၊ ကျောင်းဝတ်စုံများလှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြပြီး မကွေးတိုင်း ပညာရေးမှူး ဦးကျော်ကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

အင်အားပြင်း မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မေ ၂၆

မေ ၂၆ရက် ညနေ ၃နာရီ ၃၄မိနစ် ၀၈စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၃၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဂျပန်နိုင်ငံ ယူကျူးကျွန်း၏ အရှေ့တောင်ဘက်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ ၄အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် မေ ၂၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မေ ၂၆ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၅၉၅ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၈၂၅၃ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၁၅၉၅ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၈၂၅၃ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် မေ ၂၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မေ ၂၆ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၈၅၄ ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၃၄၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၈၅၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၃၄၈ ဦး

(အင်တာနက်)

အီရတ် — အာဖဂန် သတင်းများ

အာဖဂန်နစ္စတန်မှ ဒုက္ခသည် ၅၀၀၀၀ ပြန်လည်ရောက်ရှိ

ကဘူးလ် မေ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ၏ အိမ်နီးချင်းဖြစ်သည့် ပါကစ္စတန်နှင့်အီရန်နိုင်ငံတို့၌ သွားရောက်ခိုလှုံသည့် အာဖဂန်ဒုက္ခသည် ၅၀၀၀၀ခန့်သည် ယခုနှစ်စကတည်းက ၎င်းတို့နေရပ်သို့ ပြန်လည်ရောက်ရှိကြပြီဖြစ်ကြောင်း မေ ၂၅ရက်တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်)က သတင်းထုတ်ပြန်သည်။

နေရပ်ပြန်လာကြသည့် အာဖဂန်ဒုက္ခသည်များတွင် ပါကစ္စတန်မှဒုက္ခသည်ဦးရေ ၄၈၀၀၀နှင့် အီရန်နိုင်ငံမှ ဒုက္ခသည် ၂၀၀၀ ခန့် ပါဝင်သည်။

စွန့်ခွာထွက်ပြေး

အာဖဂန်နစ္စတန်နိုင်ငံ၏ ဆယ်စုနှစ်သုံးစုကျော်ကြာစစ်ပွဲနှင့် ပြည်တွင်းပဋိပက္ခများကြောင့် ပြည်သူခြောက်သန်းကျော် အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ သို့ဖြစ်ရာ ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့၌ အာဖဂန်ဒုက္ခသည် ၂ဒသမ၇သန်းရှိနေသေးသည်။ အများစုသည် ဒုက္ခသည်အဖြစ်ရောက်ရှိနေသည်မှာ အနှစ် ၂၀ကျော်ခဲ့ပြီဖြစ်သည်။

၂၀၀၂ခုနှစ်ကတည်းက (ယူအင်န်အိတ်ချ်စီအာရ်) ၏အကူအညီဖြင့် အာဖဂန်ဒုက္ခသည် ၃ဒသမ ၆သန်းအား နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကွန်ဒုဇ်ပြည်နယ်၌ တာလီဘန်နှိမ်နင်းရေး နေတိုးနှင့်အာဖဂန်တပ်ဖွဲ့ ပူးပေါင်းထိုးစစ်စတင်

ကွန်ဒုဇ် မေ ၂၆

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ် ချာဒါရာခရိုင်အတွင်း၌ အာဖဂန်တပ်ဖွဲ့နှင့် နေတိုးတပ်ဖွဲ့တို့ ပူးပေါင်း၍ မေ ၂၅ ရက်က တာလီဘန်နှိမ်နင်းရေး ထိုးစစ်ဆင်မှုစတင်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ယင်းဒေသအတွင်း တာလီဘန် စစ်သွေးကြွများ အမြစ်ပြတ်ရှင်းလင်းသွားစေရေးနှင့် လမ်းဘေးဗုံးများ ဖယ်ရှားရေးတို့ကို ဦးတည်လျက် ယင်းစစ်ဆင်ရေးကို ဆောင်ရွက်ခြင်းဖြစ်သည်ဟုဂျာမန်တပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက ထုတ်ဖော်ပြောကြားသည်။

တပ်စွဲ

အာဖဂန်မြောက်ပိုင်းရှိ တာလီဘန်စစ်သွေးကြွများ ပုန်းအောင်းရာနယ်မြေများတွင် ဂျာမန်တပ်ဖွဲ့ဝင် ၄၅၀၀ခန့် တပ်စွဲနေရာ ယူထားသည်။ ပြီးခဲ့သည့် ၂၄နာရီအတွင်း ဖြစ်ပွားသည့် သီးခြားတိုက်ခိုက်မှုများ၌ နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရပြီး ကွန်ဒုဇ်မြို့၌ မေ ၂၅ရက် နံနက်ပိုင်းက စစ်သွေးကြွများ၏ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ကလေးငယ်ဒဏ်ရာရ

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ ကားဗုံးပေါက်ကွဲမှုအတွင်း ဒဏ်ရာရရှိသွားသော ကလေးငယ်တစ်ဦးအား မေ ၂၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၄၄၀၀ရှိသွားပြီဖြစ်

ဘဂ္ဂဒက် မေ ၂၆

အီရတ်နိုင်ငံ အနောက်ပိုင်းတွင် မေ ၂၄ရက်က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။ အီရတ်လွတ်မြောက်ရေးလှုပ်ရှားမှု (အိုင်အိုအက်စ်)ကို ထောက်ခံစစ်ဆင်ရေးဆင်နွှဲစဉ် အဆိုပါတပ်ဖွဲ့ဝင် သေဆုံးရခြင်းဖြစ်သည်။ ဖြစ်စဉ်ကို အမေရိကန်တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

သေဆုံး

၂၀၀၃ခုနှစ် မတ် ၂၀ရက်မှစတင်သော အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်နိုင်ငံကို ကျူးကျော်သည့် အီရတ်စစ်ပွဲအတွင်း အီရတ်သမ္မတ ဆက်ဒမ်ဟူစိန် သေဆုံးခဲ့ရသည်။

သိရ

၂၀၀၃ခုနှစ်မှစတင်သည့် စစ်ပွဲအတွင်း အီရတ်နိုင်ငံတွင်သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၄၀၀ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်၏ စာရင်းအရ သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အကြမ်းဖက် တိုက်ခိုက်မှုများအတွင်း အာဖဂန်အရပ်သား ရှစ်ဦးသေဆုံး

ကဘူးလ် မေ ၂၆

အာဖဂန်နစ္စတန်နိုင်ငံရှိ သီးခြားတိုက်ပွဲများ၌ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အရပ်သား ရှစ်ဦးထက်မနည်း သေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မေ ၂၄ရက်တွင် ပြောကြားသည်။

ဒဏ်ရာရရှိ

ဖာရာပြည်နယ် အနောက်ပိုင်း၌ မေ ၂၄ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် အရပ်သား ငါးဦးထက်မနည်း သေဆုံးပြီး အခြားရှစ်ဦး ဒဏ်ရာရရှိသည်။

ပျောက်ဆုံး

ထို့ပြင် ဖာရတ်ပြည်နယ် အနောက်မြောက်ပိုင်း စည်ပင်သာယာနယ်နိမိတ်အတွင်း၌ မေ ၂၃ရက်က ခရီးသည်များတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးကို ဗုံးခွဲတိုက်ခိုက်သဖြင့် ကလေးငယ် တစ်ဦးအပါအဝင် အရပ်သားလေးဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိကာ အရပ်သားလေးဦးပျောက်ဆုံးလျက်ရှိသည်ဟုဆိုသည်။

မြှင့်တင်ဆောင်ရွက်

အကြမ်းဖက်သမားများသည် အာဖဂန်တပ်ဖွဲ့နှင့် နိုင်ငံစုံတပ်ဖွဲ့များကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့တော်၌ ဗုံးနှစ်လုံးပေါက်ကွဲ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၆

ဘဂ္ဂဒက်မြို့တော်၌ မေ ၂၄ ရက် ညနေပိုင်းက မော်တော်ကားတွင် ပူးတွဲထောင်ထားသည့်ဗုံးနှစ်လုံး ပေါက်ကွဲရာ ယာဉ်ပိုင်ရှင်နှစ်ဦးသေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသတင်းရပ်ကွက်က ပြောကြားသည်။

ပုဂ္ဂလိကဘဏ်ဝန်ထမ်းတစ်ဦးသည် ဘဂ္ဂဒက်အနောက်ပိုင်းခရိုင် မန်ဆူသို့ မောင်းလာစဉ် ကားတွင်ထောင်ထားသည့် ဗုံးတစ်လုံးပေါက်ကွဲရာ အဆိုပါဝန်ထမ်း သေဆုံးပြီး ကားပျက်စီးသည်ဟု သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပျက်စီး

အလားတူပင် ဆွန်နီလူမျိုးများ နေထိုင်သော ကက်ဟမ်နီယာဒေသတွင် မေ ၂၄ ရက်က ဗုံးပေါက်ကွဲရာ ဆွန်နီအုပ်စုဝင် သေဆုံးပြီး အနီးအနားရှိ ကားအမြောက်အမြား ပျက်စီးသွားသည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်အနောက်ပိုင်း၌ အမတ်တစ်ဦးပစ်သတ်ခံရ

ဘဂ္ဂဒက် မေ ၂၆

အီရတ်နိုင်ငံအနောက်ပိုင်း နန်ဘာပြည်နယ် မြို့တော်မိုဆူးလ်၌ ရွေးကောက်ပွဲတွင် အနိုင်ရသည့် အမတ်ဘာရှားအယ်အား သေနတ်သမားများက ပစ်သတ်ခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

မသိရသေး

ဘာရှားအယ်သည် ပါလီမန်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး သူ၏နေအိမ် ရှေ့တွင် အမည်မသိသေနတ်သမားများက ပစ်သတ်ခဲ့ပြီးနောက် ချက်ချင်းထွက်ပြေးသွားကြောင်း ရဲတပ်ဖွဲ့ဝင်များက ဆင်ဟွာသို့ပြောကြားသည်။ ဘာရှားအယ်သည် မိုဆူးလ်မြို့တွင် ရွေးကောက်ပွဲ အနိုင်ရသည့် အသက်အငယ်ဆုံးအမတ်ဖြစ်သည်။ လစ်လပ်သည့် အမတ်နေရာတွင် သူ့ပါတီမှ အစားထိုးရွေးချယ်ခြင်းရှိ မရှိကို မသိရသေးပေ။

(အင်တာနက်)

ကားဗုံးပေါက်ကွဲ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဖြစ်ပွားသည့် အသေခံကားဗုံးပေါက်ကွဲမှုအတွင်း အပျက်အစီးများကို မေ ၂၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်သုံးဦး အာဖဂန်နစ္စတန်၌ ထပ်မံသေဆုံး

ကဘူးလ် မေ ၂၆

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်သုံးဦး အာဖဂန်နစ္စတန်နိုင်ငံတွင် သေဆုံးသွားရာ ယခုနှစ်ဆန်းကတည်းက အာဖဂန်နစ္စတန်၌ ပြည်ပတပ်ဖွဲ့ဝင် သေဆုံးသူဦးရေသည် ၁၂၉ဦးရှိပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ မေ ၂၅ရက်က ဖော်ပြသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် တပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်တောင်ပိုင်းဒေသ၌ သီးခြား သေဆုံးခဲ့သည်ဟု ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကနေဒါတပ်ဖွဲ့ဝင်တစ်ဦးမှာ အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ ယခုလဆန်းက ရရှိခဲ့သောဒဏ်ရာဖြင့် ကနေဒါဆေးရုံတစ်ရုံ၌ သေဆုံးသွားကြောင်း ကနေဒါနိုင်ငံ စစ်ဘက်ကြေညာချက်တွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်၌လေကြောင်းတိုက်ခိုက်မှု စစ်သွေးကြွ ၃၀သေဆုံး

အစ္စလမ္မာဘတ် မေ ၂၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုဒေသ၌ မေ ၂၄ ရက်တွင် ပါကစ္စတန်စစ်တပ်က လေကြောင်းမှ တိုက်ခိုက်ရာ စစ်သွေးကြွ ၃၀သေဆုံးပြီး အခြား ၃၅ဦးဒဏ်ရာရရှိကြောင်း စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

ပါကစ္စတန် အနောက်မြောက်ပိုင်းရှိ စစ်သွေးကြွများ ခိုအောင်းရာဒေသ ခြောက်နေရာကို ပါကစ္စတန်တိုက်လေယာဉ်များဖြင့် တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ဆင်ဟွာသို့ ပြောကြားသည်။

၎င်းဒေသ၌ပင် ရက်တရက် တိုက်ပွဲထပ်မံဖြစ်ပွားရာ တိုက်ခိုက်မှုအတွင်း မော်တော်ယာဉ်လေးစီးပျက်စီးခဲ့သည်ဟု ဆိုသည်။

ဖော်ပြ

ပါကစ္စတန်၌ လွန်ခဲ့သည့် နှစ်လအတွင်းက စစ်ဆင်ရေးများတွင် စစ်သွေးကြွ ၇၀၀ကျော် သေဆုံးခဲ့သည်ဟု အဆိုပါသတင်း၌ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မက္ကဆီကိုနှင့်အီရန် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦး တွေ့ဆုံဆွေးနွေး

မက္ကဆီကိုစီးတီး မေ ၂၆

မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး ပက်ထရစ်ရှာအက်စ်ပင်နိုဆာက မက္ကဆီကိုသို့ အလည်အပတ်ရောက်ရှိနေသည့် အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီနှင့် မေ၂၄ရက်က တွေ့ဆုံဆွေးနွေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆွေးနွေး

အဆိုပါဆွေးနွေးပွဲတွင် စီးပွားရေးဖွံ့ဖြိုးမှုအလားအလာ၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် သိပ္ပံပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးအလားအလာတို့ကိုလည်း ဆွေးနွေးကြသည်။

နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးက အရှေ့အလယ်ပိုင်းနှင့် အာဖဂန်နစ္စတန်နိုင်ငံ၏ အခြေအနေတို့ကို ဆွေးနွေးကြသည်။

ကြိုးပမ်း

အီရန်နျူကလီးယားအစီအစဉ်အပေါ် အရေးယူပိတ်ဆို့မှုဆန့်ကျင်ရန် ဘရာဇီး၊ တူရကီနှင့် လက်ဘနွန်တို့က ကြိုးပမ်းခဲ့ပြီးနောက် ဖော်ပြပါဆွေးနွေးပွဲ ပေါ်ပေါက်လာခြင်းဖြစ်သည်။

(အင်တာနက်)

သိပ္ပံနည်းပညာပြပွဲ

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ကျင်းဖန်မြို့ အလယ်တန်းကျောင်း၌ ကျင်းပသည့် သိပ္ပံနှင့် နည်းပညာပြပွဲအတွင်း လေ့လာကြည့်ရှုနေကြသော ကျောင်းသားလူငယ်များကို မေ၂၆ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ကိုရီးယားကျွန်းဆွယ် တင်းမာမှုလျော့ပါးရေး ကုလသမဂ္ဂ အမြန်ဆောင်ရွက်ရန်တိုက်တွန်း

ဂျီနီဗာ မေ ၂၆

ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများကြီးထွားလာစဉ် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် လိပ်ခဲတည်းလည်းဖြစ်နေသော ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန်စရေး အမြန်ဆုံးဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မေ ၂၄ရက်တွင် ပြောကြားလိုက်သည်။

ယင်းအခြေအနေ၏လေးနက်အရေးကြီးလာမှုကိုကိုင်တွယ်ဖြေရှင်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မှန်ကန်သောခြေလှမ်းများကို စတင်နိုင်မည်ဟု မိမိယုံကြည်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ထည့်သွင်းပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း

ယုံကြည်

လုံခြုံရေးကောင်စီ၏ မဆိုင်းမတွ ဆောင်ရွက်မှုက နျူကလီးယားအရေးနှင့် အခြားသောထင်ရှားသည့် ပြဿနာများကို ဖြေရှင်းရန် ခြောက်နိုင်ငံဆွေးနွေးပွဲများ ဆောလျင်စွာပြန်စရန် အထောက်အကူပြုမည်ဟု ယုံကြည်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လောလောဆယ်တွင် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံမှာ တောင်ကိုရီးယား စစ်သင်္ဘောတစ်စင်း မတ် ၂၆ရက်က ပင်လယ်ဝါ၌ နစ်မြုပ်မှုနှင့် စပ်လျဉ်း၍ ဆက်ဆံရေးတင်းမာလျက်ရှိသည်။

(အင်တာနက်)

ပါကစ္စတန်နှင့် တရုတ် စစ်ရေးပူးပေါင်း ဆောင်ရွက်ရန် သဘောတူညီ

အစ္စလမ္မာဘတ် မေ ၂၆

ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့က နှစ်နိုင်ငံကြုံတွေ့နေသည့် စိန်ခေါ်မှုများ ကျော်လွှားနိုင်ရေးအတွက် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကဏ္ဍစုံ မဟာဗျူဟာ ဆက်သွယ်ရေးတို့တွင် နောက်ထပ်မြှင့်တင်ကြရန် သဘောတူညီကြကြောင်း နှစ်နိုင်ငံဆိုင်ရာ စစ်ဘက်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမြင်ချင်းဖလှယ်

ပါကစ္စတန်ကာကွယ်ရေးဝန်ကြီး အာမက်မူကတာနှင့် တရုတ်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးဂူအန်လီတို့က ပါကစ္စတန်ကာကွယ်ရေးဝန်ကြီးဌာနတွင် မေ၂၄ရက်က အစည်းအဝေးကျင်းပကြသည်။ နှစ်ဖက်စလုံးက နှစ်နိုင်ငံဆိုင်ရာ ကာကွယ်ရေးဌာနတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဆိုင်ရာပထဝီ မဟာဗျူဟာမြောက် အခြေအနေနှင့် ပါကစ္စတန်ကပြုလုပ်သည့် အကြမ်းဖက်တိုက်ခိုက်မှု ဆန့်ကျင်ရေးကြိုးပမ်းမှုများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးက ဒေသ၏လုံခြုံရေးအခြေအနေကို ဆွေးနွေးကြပြီး အကြမ်းဖက်တိုက်ခိုက်မှု အမြစ်ပြတ်ချေမှုန်းရေးအတွက် ပူးတွဲကြိုးပမ်းကြရန်ကိုလည်း အလေးထားဆွေးနွေးကြသည်။ **(အင်တာနက်)**

အင်ဒိုနီးရှား စားအုန်းဆီတင်ပို့ရောင်းချမှု ပထမလေးလအတွင်း တန်ချိန်လေးသန်းကျော်ရှိ

ဂျကာတာ မေ ၂၆

ယခုနှစ် ပထမလေးလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ စားအုန်းဆီနှင့် ဆီထွက်ပစ္စည်းများ တင်ပို့မှုတန်ချိန် ၄ဒသမ၆၅သန်းအထိ ရှိလာကာ အနည်းငယ်တိုးတက်လာသည်ဟု မေ၂၅ရက်တွင် အင်ဒိုနီးရှား စားအုန်းဆီ ထုတ်လုပ်သူများအဖွဲ့(ဂက်ပ်ကီ)က သတင်းထုတ်ပြန်သည်။

ထုတ်လုပ်

အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံသို့ စားအုန်းဆီအများဆုံး တင်ပို့လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် စားအုန်းဆီအများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်ပြီး လောလောဆယ်တွင် နှစ်စဉ် စားအုန်းဆီတန်ချိန် ၁၉သန်း ထုတ်လုပ်လျက်ရှိသည်။

၂၀၁၄ခုနှစ်အရောက်တွင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် စားအုန်းဆီတန်ချိန် ငါးသန်းတိုးမြှင့်ထုတ်လုပ်မည်ဖြစ်ရာ တန်ချိန်၂၄သန်းထွက်ရှိမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန် ရေလုပ်သား ၃၀ မော်လဒိုက် အကျဉ်းစခန်းမှ ပြန်လည်လွတ်မြောက်လာ

မာလီ မေ ၂၆

အီရန်ငါးဖမ်းသင်္ဘောနှစ်စင်းမှ ရေလုပ်သား ၃၀ တို့သည် မော်လဒိုက်နိုင်ငံ၏ ရေပိုင်နက်အတွင်းသို့ တရားမဝင်ဝင်ရောက်မှုကြောင့် မော်လဒိုက်နိုင်ငံ၏ အကျဉ်းစခန်းတွင် ခြောက်လကြာ အကျဉ်းကျခံခဲ့ရပြီးနောက် ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း သိရသည်။

လွတ်မြောက်

အဆိုပါ အဗင်နှင့် ဟာမို့ငါးဖမ်းသင်္ဘောနှစ်စင်းသည် ပြီးခဲ့သည့် နိုဝင်ဘာလက မော်လဒိုက်နိုင်ငံ၏ ရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်ရာမှ မော်လဒိုက်ကမ်းခြေစောင့်တပ်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ သင်္ဘောသားများမှာ မော်လဒိုက် အကျဉ်းထောင်မှ မေ ၂၀ရက်က လွတ်မြောက်လာပြီးနောက် သင်္ဘောနှစ်စင်းမှာ အီရန်နိုင်ငံသို့ ပြန်လာနေပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

တူရကီနိုင်ငံ အန်တာလာ ပြည်နယ် တောင်ပိုင်း၌ ကမ္ဘာလှည့် ခရီးသည်များ လိုက်ပါလာသော ကားရထား တစ်စင်း တိမ်း မှောက် ပြီးနောက် အပျက်အ စီး များ ကို မေ ၂၅ ရက်က တွေ့ရစဉ်။

(အဆိုပါဖြစ်စဉ်အတွင်း ၁၆ ဦး သေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိသည်။)

(ဆင်ဟွာဓာတ်ပုံ)

ပြည်ပရောက် နီပေါအလုပ်သမားဦးရေ ယခုနှစ်အတွင်းမြင့်တက်လာ

ခတ္တမန္ဒူ မေ ၂၆

ယခုနှစ်အတွင်း နီပေါနိုင်ငံ၏ ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမားဦးရေ ၂၄ ရာခိုင်နှုန်းမြင့်တက်လာကြောင်း မေ ၂၄ ရက်၌ နီပေါမီဒီယာများက သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံ၏ ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများအသင်း(ဒီအိုအက်ဖ်အီး) သတင်းထုတ်ပြန်ချက်အရ ယခင်နှစ် အလားတူကာလက ပြည်ပ၌ သွားရောက်လုပ်ကိုင်သူ ၁၈၇၀၆၃ ဦးရှိခဲ့ရာမှ ယခုနှစ်တွင် ပြည်ပသို့သွားရောက်လုပ်ကိုင်သူ ပေါင်း ၂၃၁၉၂ ဦးအထိ မြင့်တက်လာခဲ့သည်။

နီပေါအလုပ်သမားများ အဓိကသွားရောက်သည့်နိုင်ငံများမှာ ဆော်ဒီအာရေဗျ၊ မလေးရှား၊ အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)နှင့် ကာတာနိုင်ငံတို့ဖြစ်ကြောင်း နီပေါပြည်ပအလုပ်အကိုင် ရှာဖွေရေးလုပ်ငန်းများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဂျန်ပရာဆပ်က ပြောကြားသည်။

နီပေါအလုပ်သမားများ အနှစ်သက်ဆုံးသွားရောက်လုပ်ကိုင်လိုသည့် နိုင်ငံမှာ မလေးရှားနိုင်ငံဖြစ်ပြီး ယခုလောလောဆယ်တွင် မလေးရှားနိုင်ငံ၌ နီပေါအလုပ်သမားပေါင်း ၁၄၀၅၁ဦးရှိသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ရုရှားဝန်ကြီးချုပ် လက်နက်ထုတ်လုပ်သူများနှင့်ဆွေးနွေး

ရုရှားဝန်ကြီးချုပ်ပူတင်သည် ပြည်တွင်းလက်နက်ထုတ်လုပ်သည့် စက်ရုံများမှ ထိပ်တန်းအရာရှိများနှင့် တာဝန်ရှိသူများအား မေ၂၆ရက်၌တွေ့ဆုံကာ အရည်အသွေးမြင့်မားသော လက်နက်များထုတ်လုပ်ရေးဆွေးနွေးခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ပါလက်စတိုင်းသမ္မတ မလေးရှားသို့အလည်အပတ်ထွက်ခွာ

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် အလုပ်သဘော အလည်အပတ်ခရီးအဖြစ် မေ၂၆ရက်မှ ၂၈ရက်အထိ မလေးရှားနိုင်ငံသို့ အလည်အပတ်ခရီး ထွက်ခွာသွားကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆီးရီးယားသမ္မတပြောကြား

အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မည့် သမိုင်းဝင်အပြောင်းအလဲတစ်ရပ်ကို ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း ဆီးရီးယားသမ္မတအယ်အာဆတ်က မေ၂၆ရက်၌ အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများအား ပြောကြားလိုက်သည်။

ပနားမားနိုင်ငံ တိုရိုပြည်နယ်၌ ရေလွှမ်း

ပနားမားနိုင်ငံ တိုရိုပြည်နယ်တွင် မေ၂၆ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ နေအိမ် ၆၀၀ရေလွှမ်းခံရကာ ဒေသခံ ၂၄၀၀ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပနားမားအရာရှိများက ပြောကြားသည်။

အိန္ဒိယအရှေ့ပိုင်း၌ ရထားလမ်းချော်မှုဖြစ်ပွား

*အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မေ၂၆ရက် နံနက်က အမြန်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားရာ ခရီးသည် ၁၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း အိန္ဒိယရထားလုပ်ငန်းအရာရှိများက ပြောကြားသည်။ **(အောက်ပုံ)***

ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေး ရုရှားဆော်ဩ

ကိုရီးယားကျွန်းဆွယ်၌ ငြိမ်းချမ်းရေးနှင့် နျူကလီးယားကင်းစင်ရေးအတွက် ခြောက်နိုင်ငံဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ရုရှားသမ္မတ မက်ဗီဒက်ဗ်က တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်အား မေ၂၆ရက် နံနက်က ဖုန်းဖြင့်ဆက်သွယ်ပြောကြားစဉ် ဆော်ဩတိုက်တွန်းလိုက်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

စင်ကာပူရေလက်ကြား၌ ရေနံများယိုဖိတ်

စင်ကာပူရေလက်ကြားတွင် မေ၂၆ရက် နံနက်က မလေးရှားရေနံတင်သင်္ဘောတစ်စင်းနှင့် အခြားကုန်တင်သင်္ဘောတစ်စင်းတို့ တိုက်မိပြီးနောက် ရေနံများယိုဖိတ်ခဲ့ရာ ရေနံများအမြန်ဖယ်ရှားရှင်းလင်းရေးအတွက် စင်ကာပူနိုင်ငံက ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

ဗီယက်နမ်၌ ဖိုင်ဘာကြိုးအင်တာနက်စတင်

ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် ဖိုင်ဘာကြိုးအင်တာနက် ချိတ်ဆက်ဝန်ဆောင်မှုလုပ်ငန်းကို မေ၂၆ရက်မှစတင်ကာ ဆောင်ရွက်နေပြီဖြစ်ကြောင်း ဗီယက်နမ်ပြန်ကြားရေးနှင့် ဆက်သွယ်ရေး ဒုတိယဝန်ကြီးလီနမ်တန်က ပြောကြားသည်။

ကိုလံဘီယာတောင်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား

ကိုလံဘီယာနိုင်ငံတောင်ပိုင်း တိုလီမာ၊ အင်တီရိုကွီရာ၊ ဗယ်လ်လီနှင့်ချိုကိုမြို့များတွင် မေ ၂၆ရက်က မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမှုဖြစ်ပွားရာ ၁၈ဦးသေဆုံးပြီး ဒေသခံ ၈၄၂၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း ကိုလံဘီယာအရာရှိများက ပြောကြားသည်။ (အင်တာနက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရတနာသိဃ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရတနာသိဃ်တံတား နှစ်လမ်းသွားကားလမ်း တည်ဆောက်ရေးလုပ်ငန်းများ

ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် မေ၂၂ရက် မွန်းလွဲပိုင်းတွင် တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၄)က တာဝန်ယူတည်ဆောက်နေသော ရတနာသိဃ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင် ရေလယ်တိုင် (RP-6) ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်မြောင်းဘက်ကမ်းရှိ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ တံတား တည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက ရေလယ်တိုင် (RP-2) နှင့် (RP-6) ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကျောက်မြောင်းဘက်ကမ်းတွင် (RP-1) ကို ကျောက်ဖောက် ဘိုးပိုင်စက်ဖြင့် ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကာ ဒုတိယအင်ဂျင်နီယာချုပ် (တံတား) ဦးနေအောင်ရဲမြင့်က တံတားဒီဇိုင်းနှင့် တံတား ဘိုးပိုင်တူးစဉ် ကျောက်တွေ့ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စနစ်တကျဆောင်ရွက်

ထို့နောက် ဝန်ကြီးက တံတားဘိုးပိုင်တူးရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်၊ တံတားဘိုးပိုင်တူးစဉ် ကျောက်တွေ့ရှိသည့်အတွက် လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရေး အားကောင်းသည့် ကျောက်ဖောက်ဘိုးပိုင်စက်ဖြင့် အစားထိုးဆောင်ရွက်ရန် စသည်ဖြင့် မှာကြားသည်။ယင်းနောက် ရေလယ်တိုင်(RP-2)နှင့် (RP-6) ဘိုးပိုင် တူးနေမှု၊ ကျောက်မြောင်း ဘက်ကမ်းရှိ (RP-1)တွင် ကျောက်ဖောက် ဘိုးပိုင်စက်ဖြင့် ဘိုးပိုင်တူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရတနာသိဃ် တံတားအမျိုးအစားမှာ အပေါ်ထည်သံမဏိသံပေါင်နှင့် အောက်ထည်ကို သံကူကွန်ကရစ် လွန်တူးပိုင်တိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း ပင်မတံတားအရှည် ပေ၂၄၈၀ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိ၍ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၂၀၊ အမြင့် ၄၇ပေရှိကာ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စီးတီးမတ်စူပါမားကတ် ကျောင်းဖွင့်ရာသီအကြို အထူးအစီအစဉ် ဈေးရောင်းပွဲ

ရန်ကုန် မေ ၂၆

ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဖွင့်ရာသီအကြို အထူးအစီအစဉ်အဖြစ် City Mart Supermarket ၏ Welcome Back to School အစီအစဉ်ကို ဧပြီ ၂၄ ရက်မှစ၍ ဇွန် ၃၀ ရက်အထိ ရောင်းချပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

အထူးဈေးနှုန်း

ကျောင်းဖွင့်ရာသီအကြို ဈေးရောင်းပွဲတွင် ကျောင်းသား ကျောင်းသူလေးများအတွက် ဒီဇိုင်းသစ်လွင်ဆန်းသစ်ပြီး ပစ္စည်းအရည်အသွေး ကောင်းမွန်သော ကျောင်းသုံးပစ္စည်းများဖြစ်သည့် ကျောပိုးအိတ်၊ လွယ်အိတ်၊ ထီး၊ မိုးကာ၊ ဖိနပ်၊ ခြင်းတောင်း၊ လက်သုတ်ပဝါ၊ ဓာတ်ဘူး၊ ထမင်းဘူး၊ ထမင်းချိုင့်၊ ရေဘူး၊ ကျောင်းသုံးဗလာစာအုပ်၊ ကွန်ပါဘူး၊ ဘောပင်၊ ခဲတံ၊ ပေတံအစရှိသည်တို့ကို အထူးကောင်တာများဖွင့်လှစ်၍ အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည် ဖြစ်သည်။ ထို့အပြင် ကျောင်းသား ကျောင်းသူလေးများအတွက် မေ ၂၀ရက်မှ ဇွန် ၂ရက်အထိ School Snack Fair အထူးအစီအစဉ်အနေဖြင့် မုန့်အမျိုးပေါင်း ၄၀ ကျော်ကိုလည်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ရောင်းချ

City Mart Supermarket ရန်ကုန်ဆိုင်ခွဲများဖြစ်သော အောင်ဆန်းဆိုင်ခွဲ၊ ၄၇ လမ်းဆိုင်ခွဲ၊ Junction -8 ဆိုင်ခွဲ၊ FMI ဆိုင်ခွဲ၊ ရန်ကင်းစင်တာဆိုင်ခွဲ၊ ဇဝန ဆိုင်ခွဲ၊ ရွှေမြယာဆိုင်ခွဲ၊ China Town Point Center ဆိုင်ခွဲ၊ မြေနီကုန်းဆိုင်ခွဲများတွင် သာမက မန္တလေးဆိုင်ခွဲတွင်လည်း ရောင်းချပေးလျက်ရှိဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စာကြည့်တိုက်အဆောက်အအုံသစ်မော်ဘီ၌ဖွင့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်စာစောင်များ လှူဒါန်း

ရန်ကုန် မေ ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် လှပဒါးကျေးရွာ၌ တိုးတက်အောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ စာကြည့်တိုက်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်ခင်သီတာဦးက ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းမှ လှူဒါန်းသော ငွေကျပ် ၉၉၀၀၀ တန်ဖိုးရှိ စာအုပ် စာစောင် ၃၀၅ အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးတင်အောင်က လက်ခံယူသည်။ ထို့နောက် ကျေးရွာ အလှူရှင်များ လှူဒါန်းသော စာအုပ်စာစောင်များကို အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်ရင်နွဲ့ လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ငွေတာရီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် မေ ၂၆

တင်လှဝင်းထင်၏ပန်းချီလက်ရာနှင့်အတူ တင့်ထွန်း(ချောက်)၊ မောင်ဟေမာ၊ ကို(တက္ကသိုလ်)၊ ညွန့်ဝေ(ကသာ)၊ နောင်ဝင်းထွန်း၊ မောင်သာလင်း၊ တင်မောင်ထက်(ကွမ်းခြံကုန်း)၊ မင်းယဉ်စု၊ ကျော်စွာသူ(သာယာဝတီ)တို့၏ ရသစုံကဗျာပုံရိပ်များနှင့်အတူ ငွေကြည်၊ သစ်ထွဏ်း၊ မြေဇာ၊ ရွှေကိုဦးတို့၏ ကာတွန်းလက်ရာများ အပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ ချစ်စံဝင်း၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မြင်းမူမောင်နိုင်မိုး၊ ကျိုက်လတ်မိုးမြင့်၊ မောင်ခင်မင်(ဓနုဖြူ)၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ နိုင်ဇော်၊ ဂွမ်းဖြူဇင်၊ ခင်ပန်နှင်း၊ မကြန်၊ ညောင်ဦးဖိုးချို၊ မြင့်ဆွေ(မျက်စိအတု)၊ ဗိုလ်ကလေးတင့်အောင်၊ လှဘုန်းအောင်၊ ရဲမာန်ခ၊ သော်ဇင်သစ်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ စုစုလှိုင်(MWD)၊ ချစ်နိုင်(စိတ်ပညာ)၊ ရဲမြင့်သိန်း(မွန်မြတ်စေတနာ)၊ မောင်ကြည်သစ်ဦး၊ ဦးကြည်ရွှေ၊ ဒေါက်တာဦးစံတင်အောင်(ရွှေဘို)တို့၏ သုတရသဆောင်းပါးများ၊ မင်းယုဝေ၊ ကုမုဒြာ၊ လဝန်းခင်၊ ထွန်းဦးတင်၊ အေးမိစံ(သထုံ)၊ ကယားမောင်(လှိုင်ကော်)၊ မြင့်ဝင်းနီတို့၏ဝတ္ထုတို၊ ဝတ္ထုရှည်များကို နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်သည်။

ရောင်းချပေး

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅) ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃ တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သောက်သုံးရေဖူလုံရေး ဆောင်ရွက်ပေး

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံခရိုင် ဟိုပန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင်နှင့်အဖွဲ့ မေ ၁၄ရက်က ဂါလန်၂၅၀၀ဆံ့ စံပြကျေးရွာ အများသုံးရေကန်တွင် ဒေသခံကျေးရွာပြည်သူများ ရေရယူသုံးစွဲနေမှုကို ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီ ရုပ်မြင်သံကြား အစီအစဉ်

၂၇-၅-၂၀၁၀
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၅	၃။	**သံသရာအကျိုးရည်မျှော်** မင်းကွန်းဓမ္မသာရ ရေမီး၊ဆွမ်း၊ ဆေးအလှူတော်
၇:၃၀	၄။	ဓမ္မပူဇာတေး
၇:၃၅	၅။	မျိုးချစ်တပ်မတော်
၇:၄၀	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅	၇။	မြန်မာသံစဉ် ချိုနားဝင်
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေး တေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၃၀	၃။	မျိုးချစ်တပ်မတော်
၄:၄၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၄၅	၅။	မွေးမြူသုတ
၄:၅၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၅:၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀	၉။	မျှော်လင့်စောင့်စားကမ္ဘာ့ဖလား **Switzerland and Cameroon**
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၁။	အမျိုးသားရေး တေးကဗျာ
၆:၂၀	၁၂။	လျှပ်တစ်ပြက်
၆:၃၀	၁၃။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅	၁၄။	ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၁၆)
၇:၀၀	၁၅။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၃၁)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	အနုပညာရှင်၏ တစ်နေ့တာ
	၂၁။	ကုန်သွယ်သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၁၀)

ဖွံ့ဖြိုးစည်ပင်နေသော မြစ်ကြီးနား

➤ သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း-သတင်းထောက်စခွဲကူစိုးဝင်း

➤ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

နေပြည်တော် မေ ၂၆

မြစ်ကြီးနားလေဆိပ်မှ မြစ်ကြီးနားမြို့တွင်းသို့ လာရောက်ခေါ်ဆောင်သူနှင့်အတူ မော်တော်ကားဖြင့်သွားခဲ့သည်။ လမ်းမပေါ်ရောက်သည်နှင့် အခြားမြို့ကြီးများနှင့်မတူ ကျယ်ဝန်းသည့် မော်တော်ကားလမ်း၊ အနီ၊ အဖြူကြားက လှပစွာ ဆေးသုတ်ထားသည့် လမ်းလယ်ကျွန်းခုံကြီးများကို တွေ့ရသည်။ မြစ်ကြီးနားမြို့ကို ရောင်စုံပန်းလှလှလေးများ၊ သစ်ပင်များဖြင့် တန်ဆာဆင်ထားသော မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဆောင်ရွက်မှုကား ကချင်ပြည်နယ်သို့ တစ်ကြိမ်မျှ မရောက်ဖူးသော သတင်းခရီးသည်ကို ကြည်နူးနွေးထွေးစွာ ကြိုဆိုနေသည့်အလား ဝမ်းသာကြည်နူးရပါသည်။

ကမ္ဘာတည်သရွေ့ ထာဝရမြတ်နိုးရမည့် ဆွမ်ပရာဘွမ်သွား မော်တော်ကား လမ်းဆုံမှ ရုပ်တုက ဝင့်ဝင့်ကြွားကြွား....။

ရှစ်မိုင်ကျော်ရှည်လျားသည့် လမ်းလယ်ခုံများကို မျက်စိတစ်ဆုံး ရှုမဆုံး မြင်တွေ့ရသည်။ အမှိုက်များမရှိအောင် နေ့စဉ် စီစဉ်ဆောင်ရွက်ထားသဖြင့် လမ်းမကြီးတစ်လျှောက် သပ်ရပ်သန့်ရှင်းနေပါသည်။ ပြည်နယ်မြို့တော်နှင့်အညီ ဖြစ်ပါသည်။

တည်းခိုရိပ်သာတွင် ခေတ္တနားကာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးထံ သွားရောက် တွေ့ဆုံခဲ့သည်။

ချီးမြှင့်

ညွှန်ကြားရေးမှူးက ''ကျွန်တော်တို့ မြစ်ကြီးနားစည်ပင်သာယာရေးအဖွဲ့ဟာ စုစည်းညီညွတ်စွာ မြို့အင်္ဂါရပ်နဲ့အညီ ဆောင်ရွက်ခဲ့လို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက နှစ်ပတ်လည် အခမ်းအနားမှာ မြို့သာယာလှပရေး အကောင်းဆုံးဆုများ ချီးမြှင့်ပါတယ်။ တစ်ပြည်လုံး ၂၀၀၄-၂၀၀၅ခုနှစ်မှာ တတိယဆု၊ ၂၀၀၅-၂၀၀၆ခုနှစ်က တတိယဆု၊ ၂၀၀၆ - ၂၀၀၇ခုနှစ်တို့တွင် ဒုတိယဆုများ ချီးမြှင့်ခံရပါတယ်'' ဟု ပြောပြသည်။

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်မိုးက မြို့နယ်အတွင်း အလျား ၉၆ပေ၊ အကျယ် ရှစ်ပေ × အမြင့်ရှစ်လက်မရှိ လမ်းလယ်ကျွန်း ၁၆၃ခုကို အဓိကကျသည့် ပြည်ထောင်စုလမ်းနှင့် ဆွမ်ပရာဘွမ်လမ်းပေါ်တွင် တည်ထောင်ထားကြောင်း၊ ခရေပင်၊ အာသောကပင်၊ ရှောက်ပန်းသီးပင် စသည့်အပင်ကြီးများနှင့် နွေ၊ မိုး၊ ဆောင်း အလှည့်ကျ ပွင့်သော သရက်ထည်၊ နှဲပန်း၊ ထပ်တစ်ရာ၊ ကုလားပန်း၊ ရွက်လှပန်း စသည့် ပန်းပင်ပေါင်းများစွာနှင့် မြက်ခင်းများကို စနစ်တကျ စိုက်ပျိုးပြုလုပ်ထားကြောင်း ပြောပြသည်။

လိုက်လံပြသ

လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်က မြစ်ကြီးနားမြို့တွင်းသို့ လိုက်လံပြသသည်။ အဓိကကျသည့် လမ်းမကြီးများဘေးဝဲယာတွင် သစ်သားအိမ်ဟူ၍ မရှိသလောက် ရှားပါးပြီး မြို့ပြနှင့်အညီ ပုံစံအမျိုးမျိုးနှင့် တိုက်တာအဆောက်အအုံများကား လှပ၍နေသည်။

မြစ်ကြီးနား အမှတ်(၁) ဈေးကြီး

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁) ဈေးကြီးကို ဤသို့ တွေ့ရသည်။

မြို့စိမ်းလန်း စိုပြည်သာယာလှပရေးအတွက် လမ်းဘေးဝဲယာရှိ ပန်းအလှစိုက်ခင်း ၂၅ခု၊ ပန်းခြံကြီး တစ်ခု ဆောင်ရွက်ထားသည်။ ထာဝစဉ် စိမ်းလန်းစိုပြည်ရေးအတွက် လုပ်သား ၅၅ဦးက နေ့စဉ် ပေါင်းသင်၊ မြေဆွ၊ ရေလောင်း၊ ပန်းအလှပင် စိုက်ပျိုးခြင်းလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိသဖြင့် သစ်ပင်များ စိမ်းစိုလှပ သာယာနေသည်။

နေထိုင်ကြ

မြစ်ကြီးနားမြို့နယ်သည် ရပ်ကွက် ၂၅ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၁စု၊ ကျေးရွာပေါင်း ၅၉ရွာရှိပြီး ပင်လယ်ရေပြင်အထက် ၄၇၆ပေမြင့်ကာ ၁၆၀၆၄၂၉ဧက၊ ၂၅၁၀ စတုရန်းမိုင် ကျယ်ဝန်းသည်။ ကချင်၊ ရှမ်း၊ ဗမာ၊ ကရင်၊ ကယား၊ မွန်၊ ရခိုင် စသည့် တိုင်းရင်းသားများ နေထိုင်ကြသည်။

မြို့ပေါ် ၂၅ရပ်ကွက် ရှိသည့်အနက် ရပ်ကွက် ခုနစ်ရပ်ကွက်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးကို ရေစက်ရုံနှစ်ရုံဖြင့် ရေပေးလျက်ရှိသည်။ ရေကို ရေစိမ့်တွင်းနှစ်တွင်းမှ ရေစုပ်ယူကာ မြို့မရပ်ကွက်နှင့် သီတာရပ်ကွက်ရှိ အမြင့်တင်ရေစင်ပေါ်သို့တင်၍ Gravity Flow System ဖြင့် နေ့စဉ် ဂါလန် ၁၅၀၀၀၀ ဖြန့်ဝေပေးလျက်ရှိသည်။

မြစ်ကြီးနားမြို့နေ ပြည်သူများသို့ ရေပေးဝေသည့် သီတာရပ်ကွက်မှ ဂါလန် ၆၀၀၀၀ ဆံ့ ရေစင်ကြီးကိုလည်း ဤသို့ တည်ဆောက်ထားသည်။

ခပ်ယူသုံးစွဲနိုင်

အိမ်သွယ်ရေတိုင် ၄၃၆တိုင်မှ တစ်နှစ်လျှင် ငွေကျပ် ၁၁၅၂၀၀၀၀ရရှိပြီး မြို့မရပ်ကွက်၊ သီတာရပ်ကွက်၊ ရှမ်းစုမြောက်ရပ်ကွက်များတွင် ဂါလန် ၄၀၀ဆံ့ အများသုံးရေကန်များ တည်ဆောက်ပေးရာ ဒေသခံများ အခမဲ့ ခပ်ယူသုံးစွဲနိုင်လျက်ရှိသည်။

ရပ်ကွက် ၁၈ရပ်ကွက်မှ ကိုယ်ပိုင်လက်တူးတွင်း ၄၁၀၈တွင်း၊ ရေတုံကင် ၁၀၈၉ခု၊ အဝီစိတွင်း ၁၇၃၀ တွင်းတို့မှလည်း ရေလုံလောက်စွာ ရယူသုံးစွဲလျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှလည်း အိမ်သွယ်ရေတိုင်များ တိုးချဲ့ပေးဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သန့်ရှင်း

အဓိကကျသည့် လမ်းမကြီးများဖြစ်သည့် ပြည်ထောင်စုလမ်း၊ ဆွမ်ပရာဘွမ်လမ်း၊ အောင်ဆန်းလမ်း၊ သခင်နက်ဖေလမ်း၊ ဇော်ဂျွန်းလမ်း၊ စည်ပင်သာယာလမ်းနှင့် ဘုရင့်နောင်လမ်းတစ်လျှောက်တွင် နေ့စဉ် ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ် ကျင့်သုံးလျက်ရှိသည်။ ကျန်ရပ်ကွက်များတွင် အလှည့်ကျ အမှိုက်သိမ်းစနစ်ဖြင့် အမှိုက်ကား ၁၀စီး၊ လုပ်သား ၃၀ဖြင့်လည်းကောင်း၊ လမ်းမကြီး ငါးလမ်းပေါ်တွင် တံမြက်စည်းလှည်း လုပ်သား ၇၂ဦးဖြင့် တစ်နေ့ကုန် နံနက်၊ ည နှစ်ဆိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသဖြင့် လမ်းများ သန့်ရှင်းနေသည်။

မြို့ပေါ်လမ်း ၁၁လမ်း (၆ဒသမ ၇၂ မိုင်)ကို ငွေကျပ် သိန်း ၇၂၉၀ကျော် အကုန်အကျခံကာ နိုင်လွန်ကတ္တရာခင်းထားသဖြင့် အဆိုပါလမ်းများမှာ ချောမွေ့ကောင်းမွန်လှသည်။

တည်ဆောက်နိုင်

မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် တပ်မတော်အစိုးရ တာဝန်ယူပြီးနောက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို ကတ္တရာ ၅၄ဒသမ ၅မိုင်၊ ကျောက်ချောလမ်း ၄၂ဒသမ ၃မိုင် ၊ ဂဝံလမ်း ၀ဒသမ ၄မိုင်၊ မြေလမ်း ၁၃၇ဒသမ ၂မိုင်၊ ကွန်ကရစ်တံတား ၄၄စင်း၊ သစ်သားတံတား လေးစင်း၊ ရေမြောင်း ခြောက်ခု တည်ဆောက်နိုင်ခဲ့သည်။

မြစ်ကြီးနားမြို့အဝင် ပန်းဆိုင်းဘုတ်ကြီးက ဤသို့ ကြိုဆိုနေသည်။

ဖွံ့ဖြိုးတိုးတက်

အလားတူ ကျေးလက်လမ်းများအဖြစ် ကတ္တရာ ၃၅ဒသမ ၅မိုင်၊ ကျောက်ချောလမ်း ၇၃ဒသမ ၇မိုင်၊ ဂဝံလမ်း ၁၀ဒသမ ၄မိုင်၊ မြေလမ်း ၂၅၆ဒသမ ၁မိုင်နှင့် ကွန်ကရစ်တံတား ရှစ်စင်း၊ သစ်သားတံတား အစင်း ၄၀၊ ရေမြောင်း ၅၀တို့ကို တည်ဆောက်နိုင်ခဲ့သဖြင့် ယခင်နှင့်မတူ မြစ်ကြီးနားမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်လာသည်ကား အမှန်ပင်ဖြစ်သည်။

မြစ်ကြီးနားမြို့ပေါ်တွင် စည်ပင်သာယာအမှတ်(၁)နှင့် အမှတ်(၂) ဈေးကြီးနှစ်ခုရှိသည်။ RC နှစ်ထပ် ဈေးကြီးများဖြစ်ပြီး ဈေးနှစ်ခုမှာ မော်တော်ကားလမ်းသာခြားရာ ဈေးသည်နှင့် ဈေးဝယ်တို့၏ မော်တော်ကား၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်များနှင့် ပြည့်နေသည်။

စုံလင်စွာရောင်းချ

ပြည်နယ်မြို့တော်ဈေးကြီး ဖြစ်သည်နှင့်အညီ ရွှေဆိုင်၊ အဝတ်အထည်မျိုးစုံ၊ လူသုံးကုန်အမျိုးမျိုး၊ စားသောက်ဖွယ်ရာများ၊ မီးဖိုချောင်သုံးဆိုင်များနှင့် ကုန်ခြောက်ဆိုင်များ စုံလင်စွာ ရောင်းချနေကြသည်။

ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာအထည်ဆိုင်များကလည်း အဆင်အမျိုးမျိုးကို ဈေးနှုန်းသက်သာစွာ ရောင်းချနေကြသည်။ အရောင်အသွေးစုံကာ ဒီဇိုင်းလှလှလေးများဖြင့် ရိုးရာဝတ်စုံချည်ထည်၊ ပိုးထည်များကား ဝယ်ချင်စရာပင်ဖြစ်သည်။

အမှတ် (၁)နှင့် အမှတ် (၂)ဈေးတွင် ဆိုင်ခန်းပေါင်း ၁၇၀၅ခန်းရှိရာ တစ်နှစ်လျှင် ဆိုင်ခန်းငှားရမ်းခ ငွေကျပ် ၃၂၆သိန်းကျော်ရရှိသည်။ မြို့နယ်အတွင်း အရပ်ရပ်အခွင့်အရေး လိုင်စင်မှာ တစ်နှစ်လျာထားငွေကျပ် ၇၂၅၁သိန်းဖြစ်ရာ ဩဂုတ်လကုန်အထိ ကျပ်သိန်း ၅၁၂၀ရရှိပြီး ဖြစ်သည်။

မြို့နယ်အတွင်းဒေသခံများ သွားလာရေး အဆင်ပြေစေရန်အတွက် အနေးယာဉ်ဆိုက်ကား ၁၆၂၂စီးပြေးဆွဲမှုမှ လိုင်စင်ကြေး ၁၆၂သိန်းကျော် ရရှိနေသည်။

မြို့မရပ်ကွက်တွင် ရေစင်ကွင်းဈေးရှိရာ ဈေးရုံ ၁၅ရုံ၊ ဆိုင်ခန်းပေါင်း ၁၅၅ခန်းမှ ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သား၊ ငါးနှင့် ကုန်ခြောက်မျိုးစုံ၊ ဟင်းသီးဟင်းရွက်တို့ ရောင်းချလျက်ရှိသဖြင့် ဈေးဝယ်သူများအတွက် အဆင်ပြေနေသည်။

အပန်းဖြေနေရာ

ဧရာဝတီမြစ်ကမ်းဘေး သီတာရပ်ကွက်တွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကျပြီး ကမ်းနားလမ်း ပြိုကျနိုင်သဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် သိန်း ၆၀၀ အကုန်အကျခံကာ အလျားပေ ၂၆၀×အမြင့်(အစောင်း) ၄၅ဒီဂရီ ကျောက်စီနံရံကို တည်ဆောက်ပေးသဖြင့် ဒေသခံများ အပန်းဖြေနေရာအဖြစ် တိုးလာပေသည်။

မြစ်ကြီးနားမြို့နှင့်ဝိုင်းမော်မြို့ကို ဗလမင်းထင်တံတားကြီးက ဆက်သွယ်ထားသည်။ ဝိုင်းမော်နှင့် မြစ်ကြီးနားမြို့များမှ ဆွမ်ပရာဘွမ်သို့သွားသည့် လမ်းဆုံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသသည့်ရုပ်တုကား စည်းလုံးခြင်း၏ အင်အားကို ပြသထားသည်။

ကမ္ဘာတည်သရွေ့ ထာဝရမြတ်နိုးရာနှင့် စည်းလုံးခြင်း၏ အင်အားပင်ဖြစ်သည်။

ကြိုးပမ်းဆောင်ရွက်

မြစ်ကြီးနားမြို့သည် ပြည်နယ်မြို့တော်အဖြစ် အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်လာရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ကြီးကြပ်ညွှန်ကြားမှုကိုခံယူကာ ကြိုးပမ်းဆောင်ရွက်နေသည်ကို ကိုယ်တိုင်မြင်တွေ့မိသမျှ တင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

27-5 (07).pmd 1 5/27/2010, 2:32 AM

✻ *ကျောဖုံးမှ*

မအောင်သော ချက်အသင်းက အင်္ဂလန်အသင်းနှင့် အဖွင့်ပွဲကစားရမည့် အမေရိကန်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ကစားခဲ့သည်။

အမေရိကန်နှင့် အင်္ဂလန်အသင်းတို့သည် ၂၀၁၀ကမ္ဘာ့ဖလားဖွင့်ပွဲအဖြစ် တောင်အာဖရိကနိုင်ငံ ရူစတင်ဘတ်အားကစားကွင်း၌ ဇွန် ၁၂ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယမန်နေ့က အင်္ဂလန်အသင်းက အမေရိကန်အသင်းနှင့် ခြေစွမ်းတူညီသည့် မက္ကဆီကိုအသင်းနှင့် ခြေစမ်းခဲ့ရာ အင်္ဂလန်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားခဲ့ပြီး ဖြစ်သည်။

ခြေစမ်းမည်

အမေရိကန်အသင်း အနေဖြင့် ချက်အသင်းကို ရှုံးနိမ့်ခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဖလားမတိုင်မီ တူရကီအသင်းနှင့်လည်း ဆက်လက်ခြေစမ်းသွားမည်ဖြစ်ကြောင်း အမေရိကန်အသင်းနည်းပြ ဘရက်ဒလေက ပြောကြားသည်။ **(အင်တာနက်)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့် မော်လမြိုင် ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ

လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၆

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးညွန့်တင်နှင့် မော်လမြိုင်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၅ရက် မွန်းလွဲ ၁နာရီက မော်လမြိုင်မြို့နယ် ရွှေမြိုင်ခန်းမ၌ ကျင်းပသည်။

လုပ်ငန်းလမ်းညွှန်

အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က ခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသော ခရိုင်ကော်မရှင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဦးညွန့်တင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးညွန့်တင် မော်လမြိုင်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့မှ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးမြို့၌ တိုင်းရင်းဆေးသမားတော်များ ကွင်းဆင်းကုသပေးနေမှု

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မေ ၂၃ရက် နံနက် ၉နာရီက ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းအသင်း)တို့ ပူးပေါင်းဆောင်ရွက်သော ကွင်းဆင်းကုသရေး အထူးအစီအစဉ် ဆောင်ရွက်နေသည့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက် လမ်း(၉၀)နှင့် (၃၁-၃၂)လမ်းကြားရှိ ကိုးလုံးတကာ မြတ်စွာဘုရားတန်ဆောင်း၌ တိုင်းရင်းဆေးဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

ရှင်းလင်းပြသ

ဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဆရာများ စုပေါင်းပါဝင်ဆောင်ရွက်နေသည့် အထွေထွေရောဂါ၊ မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အနာပေါက်၊ အကြော၊ အရိုး၊ အဆစ်နှင့် အပ်စိုက်ကုသရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်မြင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် လူနာများအား တိုင်းရင်းဆေးဝါးများ ထောက်ပံ့ပေး

သစ်ပင်စိုက်ပါ ဒိုင်္ကဗျာ

သာယာလှပ စိမ်းမြမြ

ရန်ကုန်မြို့ အဆင့်မြင့်မင်္ဂလာဈေး မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ မီးပေါ့ဆမှုဖြင့် ဆိုင်ပိုင်ရှင် သုံးဦးအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိ နိုင်ငံနှင့်ပုဂ္ဂလိကပိုင်ရှင်များအတွက် ကြီးမားသောဆုံးရှုံးမှုဖြစ်ပေါ်စေသဖြင့် နောင်တွင် မီးပေါ့ဆသူများအား ထိရောက်စွာ အရေးယူသွားမည်

နေပြည်တော် မေ ၂၆

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အဆင့်မြင့်မင်္ဂလာဈေး စတုတ္ထထပ်ရှိ အလှကုန်ပစ္စည်းအရောင်းဆိုင်မှ မေ ၂၄ရက် နံနက် ၈နာရီခွဲခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး မေ ၂၅ရက် နံနက် ၅နာရီ ၅မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။

မီးစတင်လောင်

မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ ဖြစ်စဉ်ကို မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် ဦးစီးအဖွဲ့က စုံစမ်းစစ်ဆေးခဲ့ရာ ဆိုင်ခန်းအမှတ် ၈ (၈၀/၈၁)၌ လျှပ်စစ်ရေနွေးအိုး ပလပ်ပေါက်ထိုး၍ ရေနွေးကျိုထားစဉ် မေ ၂၃ရက် ညနေ ၅နာရီ ဈေးပိတ်ချိန်တွင် ဈေးကော်မတီက လျှပ်စစ်မီးများ ဖြတ်တောက်ခဲ့ရာ ရေနွေးအိုးကို မေ့လျော့ပြီး ပလပ်ပေါက်မဖြုတ်၊ မီးခလုတ်မပိတ်ဘဲ ထားရှိခဲ့ကြောင်း၊ မေ ၂၄ရက် နံနက် ၇နာရီခွဲ ဈေးဖွင့်ချိန်တွင် လျှပ်စစ်မီး ပြန်လည်ရရှိရာ ယခင်နေ့ တည်ထားခဲ့သော ရေနွေးအိုးမှ ရေခန်းပြီး အပူလွန်ကဲကာ နံနက် ၈နာရီခွဲခန့်တွင် အနီးရှိအလှကုန်ပစ္စည်းများသို့ မီးကူးစက်၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါမီးသည် မင်္ဂလာဈေး စတုတ္ထထပ်တစ်ထပ်လုံးကို ဆက်လက်ကူးစက်လောင်ကျွမ်းခဲ့ရာ အလှကုန်ဆိုင်ခန်း ၃၉၉ခန်း၊ ဆေးဝါးအရောင်းဆိုင်ခန်း ၃၉၈ခန်း ပေါင်း ၇၉၇ခန်းနှင့် အပေါ်ဆုံးထပ်ရှိ စားသောက်ဆိုင် ၄၈ဆိုင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ပစ္စည်းဆုံးရှုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၀၉၂၆၃သိန်း ဖြစ်ကြောင်းနှင့် အဆောက်အအုံပျက်စီးဆုံးရှုံးမှု တန်ဖိုးကို တွက်ချက်ဆဲဖြစ်ကြောင်း သိရှိရသည်။

မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကျန်အထပ်များ မကူးစက်စေရန်နှင့် ပတ်ဝန်းကျင်သို့ ကူးစက်မလောင်ကျွမ်းစေရန် ကြိုးပမ်းငြိမ်းသတ် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် မြေညီထပ်ရှိ ဆိုင်ခန်း ၈၄၉ခန်း၊ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်ရှိ ဆိုင်ခန်း ၂၃၇၃ခန်း မီးကူးစက်လောင်ကျွမ်းမှု မရှိခဲ့ကြောင်း သိရှိရသည်။

ဒဏ်ရာရ

၎င်းမီးလောင်မှုတွင် ပြည်သူတစ်ဦး

ခွာနာ လျှာနာရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ခွာနာ လျှာနာရောဂါသည် ရာသီအကူးအပြောင်းနှင့် စွတ်စိုသောကာလများတွင် ပိုမိုဖြစ်ပွားလေ့ရှိသဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

၁။ **ခွာနာ လျှာနာရောဂါ**

- ❒ ခွာနာ လျှာနာဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပါသည်။
- ❒ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် စသည့် ခွာကွဲသတ္တဝါများတွင် ဖြစ်ပွားလေ့ရှိသည်။
- ❒ ရောဂါကူးစက်မှုမြန်ပြီး တိရစ္ဆာန်ငယ်များ သေဆုံးခြင်း ဖြစ်စေပါသည်။
- ❒ ရောဂါကျရောက်ဖြစ်ပွားပါက ခိုင်းကျွဲ၊ နွားများ လုပ်ငန်းခွင်မဝင်နိုင်ခြင်း၊ ရောဂါပျောက်ကင်းသော်လည်း အမောမလုံခြင်း၊ တိရစ္ဆာန်အမများတွင် သားလျှောခြင်း၊ သားမအောင်ခြင်း မြုံခြင်းနှင့် နို့ထွက်နှုန်း လျော့ကျခြင်းများ ဖြစ်စေနိုင်ပါသည်။

၂။ **ရောဂါလက္ခဏာများ**

- ❒ ကိုယ်အပူချိန်တက်ခြင်း၊ အစာမစားဘဲ ငေးမှိုင်နေခြင်း။
- ❒ သွားကြိတ်ခြင်း၊ သွားရည်ကျခြင်း။
- ❒ လျှာ၊ အာခေါင်၊ သွားဖုံး၊ ခံတွင်းတို့တွင် အရည်ကြည်ဖုများစတင်ဖြစ်ပေါ်လာပြီး ၎င်းမှ ပေါက်ပြဲ၍ အနာများဖြစ်လာကာ အစာမစားနိုင်ခြင်း။
- ❒ ခွာကြား၊ ခွာပန်းကုံးတို့တွင်လည်း အရည်ကြည်ဖုနှင့် အနာများဖြစ်ကာ ခြေထောက်နာပြီး လမ်းမလျှောက်နိုင်ခြင်း။

၃။ **ရောဂါကူးစက်ပျံ့နှံ့ခြင်း**

- ❒ ဗိုင်းရပ်စ်ပိုးသည် ရောဂါဖြစ် တိရစ္ဆာန်၏ အနာဖေး၊ အနာ

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) တီဗွီ၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော ‘‘မုန်တိုင်းသတင်း’’နှင့် ‘‘မုန်တိုင်းသတိပေးချက်’’များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ၊ ကောလာဟလသတင်းများကို မယုံကြည်ပါနှင့်။

(၂) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက ‘‘မုန်တိုင်းသတင်း’’အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက ‘‘မုန်တိုင်းသတိပေးချက်’’အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

(၃) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်း ဖြတ်သန်းဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

(၄) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း မုန်တိုင်းသတိပေးချက် သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

(၅) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

(၆) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။

(၇) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိ မိသားစုဝင်များအားလုံး ပြင်ပသို့ မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။

(၈) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

(၉) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။

(၁၀) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(၁၁) ဝမ်းရောဂါကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာနေပါ။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

...များ ကွင်းဆင်းကုသပေးနေမှု ...ကိုမြင့် ကြည့်ရှုအားပေး

...၂၆

...၂၃ရက် နံနက် ၉နာရီက ကျန်းမာရေးဝန်ကြီးဌာန ...င်း (မန္တလေးတိုင်းအသင်း)တို့ ပူးပေါင်းဆောင်ရွက် ...လေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် ...က မြတ်စွာဘုရားတန်ဆောင်း၌ တိုင်းရင်းဆေးဖြင့် ...ရက်ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

...အကြော၊ အောင်မြင့်နှင့် တာဝန်ရှိသူများက ...ကုသရေး ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

...ရှုစစ်ဆေး ...ဦးစီးဌာန ယင်းနောက် လူနာများအား ...ါက်တာ တိုင်းရင်းဆေးဝါးများ ထောက်ပံ့ပေး နေမှုကို ကြည့်ရှုစစ်ဆေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး လူနာများ မှတ်ပုံတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကျန်းမာရေးစောင့်ရှောက်

တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းအသင်း)တို့ ပူးပေါင်း၍ ပြည်သူလူထုအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်ပေးမှုတွင် အထွေထွေရောဂါကုသ လူနာ ၁၆၀၊ အပ်စိုက်ကုသပေးသည့် လူနာ ၄၈ဦး၊ ကလေးလူနာ ၅၃ဦး၊ မီးယပ်ရောဂါ လူနာ ၃၃ဦး၊ အကြော၊ အရိုး၊ အဆစ်ရောဂါလူနာ ၁၆၆ဦးနှင့် အနာပေါက်ရောဂါ လူနာ ၆၁ဦး စုစုပေါင်း ကုသပေးခဲ့သည့် လူနာ ၅၂၁ဦးရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ
စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၂၆

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၂၉)ပါတီအနက် အောက်ဖော်ပြပါ ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ခုနှစ် မေ ၂၆ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်-

(၁) ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ
(၂) ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP)
(၃) ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)
THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)
(၄) ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်
THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၁)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၂၉)ပါတီအနက် ပါတီ (၁၈)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းအပ်နှံရေး လုပ်ငန်းများ ဆောင်ရွက်နေမှု ညွှန်ချုပ် ဦးအေးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ယနေ့တွင် ပြင်ဦးလွင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများ၊ မူလတန်းကျောင်းများသို့ရောက်ရှိပြီး ကျောင်းအပ်နှံရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ညွှန်ကြားရေးမှူးချုပ်သည် ကျောင်းအပ်နှံရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ ကျောင်းအပ်နှံရာတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့လွယ်ကူစေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ခံတွင်းနှင့် သွားကျန်းမာရေးအတွက် နေ့စဉ် နှစ်မိနစ်ကြာ နှစ်ကြိမ် သွားတိုက်သင့်

ကောင်းမြတ်သူ - ရေးသားသည်

လန်ဒန် မေ ၂၆

သွားကျန်းမာရေးနှင့် ခံတွင်းကျန်းမာရေးအတွက် နေ့စဉ် သွားမှန်မှန်တိုက်ပေးသင့်ကြောင်း ဗြိတိသျှ သုတေသီများက တိုက်တွန်းထားသည်။

သတိပေး

ဗြိတိန်နိုင်ငံ၌ အရွယ်ရောက်သူ သုံးဦးလျှင် တစ်ဦးမှာ နေ့စဉ်သွားတိုက်ချိန် နှစ်မိနစ်ပြည့်အောင်ပင် မတိုက်ကြကြောင်း၊ ယင်းမှာ သွားကျန်းမာရေးအတွက် ထိခိုက်လာနိုင်ကြောင်း ဗြိတိသျှ သွားကျန်းမာရေးဖောင်ဒေးရှင်းက သတိပေးထားသည်။

ဗြိတိန်နိုင်ငံ၌ အရွယ်ရောက်သူ ၁၀၀၀ကျော်တို့အား ဆန္ဒမဲပေး စစ်တမ်းကောက်ယူခဲ့ရာတွင် သွားနေ့စဉ် နှစ်မိနစ်ပြည့်အောင်တိုက်သူ အလွန်နည်းပါးကြောင်း လေ့လာတွေ့ရှိနေသည်ဟု ဆိုသည်။

သွားကျန်းမာရေးဖောင်ဒေးရှင်း

သွားဆရာဝန်များက သင်၏သွားများအကြား ငြိတွယ်နေသော မမြင်နိုင်သည့်ပိုးမွှားများကို ဖယ်ရှားပေးနိုင် လိမ့်မည်မဟုတ်ကြောင်း၊ သင်၏သွားတိုက်တံသည် သွားဖုံးရောင်ရောဂါပိုးများကို ဖယ်ရှားနိုင်သည့် အကောင်းဆုံး လက်နက်ပင်ဖြစ်ကြောင်း သွားကျန်းမာရေးဖောင်ဒေးရှင်း အမှုဆောင်အရာရှိချုပ် ဒေါက်တာနီဂျယ်ကာတာက ပြောကြားသည်။

မိမိအနေဖြင့် နှစ်ပေါင်းများစွာ သုတေသနပြုလုပ်ခဲ့ရာမှ လူတို့နေ့စဉ် ပျမ်းမျှသွားတိုက်ချိန်မှာ ၄၅စက္ကန့်မျှသာရှိကြောင်း၊ ထို့ထက်ပို၍ သွားတိုက်ချိန်ယူသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သွားဖုံးရောင်ရောဂါ

သွားဖုံးရောင်ရောဂါသည် အရွယ်ရောက်သူများ သွားအများဆုံး ဆုံးရှုံးရသည့် ရောဂါပင်ဖြစ်ကြောင်း၊ သွားတိုက်ခြင်းမရှိသည့် ရက်အလွန်ကြာပါက အပြင်းအထန် ဖျားနာခြင်းတို့လည်း ဖြစ်လာနိုင်ကြောင်း သုတေသီများက သတိပေးထားသည်။

လူတို့အနေဖြင့် ခံတွင်းနှင့် သွားကျန်းမာရေးအတွက် နေ့စဉ် ဖလိုရိုက်ဒ်သွားတိုက်ဆေးနှင့် နံနက် နှစ်မိနစ် တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီး နှစ်မိနစ်တစ်ကြိမ် သွားတိုက်ပေးသင့်ကြောင်း သွားဆရာဝန်များက အကြံပြုထားသည်။

အင်တာနက်

...မ်းမှုနှင့်ပတ်သက်၍ ...းယူဆောင်ရွက်လျက်ရှိ ...ုံးရှုံးမှုဖြစ်ပေါ်စေသဖြင့် ...အရေးယူသွားမည်

...ရင်းဆိုင်မှ မေ ၂၄ရက် နံနက် ၈နာရီခွဲခန့်တွင် ...အရောင်း ...၇၉၇ခန်း ...ာက်ဆိုင် ...း၊ ပစ္စည်း ...ျုပ်သိမ်း ...ကြောင်းနှင့် ...မှု တန်ဖိုး ...င်း သိရှိရ ... တာဝန် ...မကူးစက် စေရန်နှင့် ပတ်ဝန်းကျင်သို့ ကူးစက်မလောင်ကျွမ်းစေရန် ကြိုးပမ်းငြှိမ်းသတ် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် မြေညီထပ်ရှိ ဆိုင်ခန်း ၈၄၉ခန်း၊ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်ရှိ ဆိုင်ခန်း ၂၃၇၃ခန်း မီးကူးစက်လောင်ကျွမ်းမှု မရှိခဲ့ကြောင်း သိရှိရသည်။

ဒဏ်ရာရ

ဤမီးလောင်မှုတွင် ပြည်သူတစ်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင် သုံးဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အသေအပျောက်မရှိကြောင်း သိရသည်။

မီးလောင်ကျွမ်းမှု ဖြစ်စဉ်တွင် စ(၈၀/၈၁) ဆိုင်ပိုင်ရှင်များဖြစ်သော ဦးတင်အောင်၊ မသီတာရွှေ(ခေါ်) မသီတာနှင့် မခင်မာအေးတို့ သုံးဦးအား မင်္ဂလာတောင်ညွန့် ရဲစခန်းမှ မီးပေါ့ဆမှုဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတိပေး

နိုင်ငံတစ်ဝန်း ဈေးမီးလောင်မှုများ အနေဖြင့် မန္တလေးမြို့ အဆင့်မြင့် ရတနာပုံဈေး၊ မော်လမြိုင်ဈေး၊ ရန်ကုန်မြို့ သဃ်ၤန်းကျွန်းဈေး စသည်ဖြင့် မီးလောင်ကျွမ်းမှုဖြစ်စဉ်များ ရှိခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးကြီးမားစွာ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ယခုကဲ့သို့ ပေါ့ဆမှုကြောင့် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်ကျွမ်းခဲ့မှုနှင့် ပတ်သက်ပြီး နိုင်ငံအတွက်လည်းကောင်း၊ ပုဂ္ဂလိကဈေးဆိုင်ပိုင်ရှင်များအတွက် လည်းကောင်း ကြီးမားစွာဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့မှုကြောင့် မီးလောင်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လျှပ်စစ်မီး သုံးစွဲသူများအနေဖြင့် လျှပ်စစ်မီး အသုံးပြုချိန်များတွင် အထူးသတိထား၍ မီးသုံးစွဲမှုပြုရေး၊ ပေါ့ဆမှု မရှိစေရေး စနစ်တကျ လိုက်နာဆောင်ရွက်သွားကြရန်နှင့် နောင်တွင် မီးပေါ့ဆစွာ သုံးစွဲသူများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဟု သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြစ်ကြီးနားဘူတာနှင့် နန်းကွေ့ဘူတာအကြား ရထားသံလမ်းအောက်၌ ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၆

မန္တလေး-မြစ်ကြီးနား ရထားလမ်း မြစ်ကြီးနားဘူတာနှင့် နန်းကွေ့ဘူတာအကြားရှိ ရထားသံလမ်းအောက်၌ ယနေ့ နံနက်ပိုင်းတွင် ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ယနေ့ နံနက် ၁၀နာရီ ၃၅မိနစ်ခန့်တွင် မြန်မာ့မီးရထားမှ ဝန်ထမ်းတစ်ဦးက မြစ်ကြီးနားဘူတာနှင့် နန်းကွေ့ဘူတာအကြား မိုင်တိုင်အမှတ် ၇၁၉/၁၉နှင့် ၂၀အကြား ရထားသံလမ်းအောက်၌ မသင်္ကာဖွယ်အထုပ်တစ်ထုပ် တွေ့ရှိသဖြင့် လုံခြုံရေးတာဝန်ရှိသူများထံ ဆက်လက် သတင်းပေးပို့ခဲ့ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေး ရှင်းလင်းရာ ရထားသံလမ်းဆက်အောက်၌ အထုပ်နှစ်ထုပ်၊ ၎င်းမှ ပေ ၄၀ခန့် အကွာ သံလမ်းဆက်အောက်၌ အထုပ်နှစ်ထုပ် စုစုပေါင်း လေးထုပ် တွေ့ရှိခဲ့ကြောင်း၊ ယင်းအထုပ်များကို စစ်ဆေးရာ TNT ယမ်းတုံး ၄၀၀ဂရမ်ပါ အတုံး ၃၀၊ ၂၀၀ဂရမ်ပါ အတုံး ၂၀၊ စနက်တံ ခြောက်ခု၊ ဆားကစ် သုံးခုနှင့် ဓာတ်ခဲ ၁ ဒသမ ၅ဗို့ ၁၂လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်း TNT ယမ်းတုံးများနှင့် ဆားကစ်၊ ဓာတ်ခဲတို့မှာ တစ်ဆက်တည်း ဆက်စပ်ထားပြီး ညအချိန်က စတင်ထောင်ထားသည်ဟု ယူဆရကြောင်း၊ ဖောက်ခွဲရန် အသင့်ပြင်ထားသော်လည်း မိုးရွာသွန်းမှုကြောင့် ဖောက်ခွဲမှုစနစ် ချွတ်ယွင်းသွားခဲ့သဖြင့် ပေါက်ကွဲမှု မဖြစ်ပွားခဲ့ခြင်း ဖြစ်နိုင်ကြောင်း သိရှိရသည်။ ထိုကဲ့သို့ ဖောက်ခွဲဖျက်ဆီးရေး ယမ်းထုပ်များ ထောင်ထားခဲ့မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

ပူးပေါင်းဆောင်ရွက်

အကြမ်းဖက်အဖျက်သမားများသည် ယခုကဲ့သို့ ရထားလမ်းလုံးဝပျက်စီးစေရန်၊ ရထား တိမ်းမှောက်ပျက်စီးစေရန်၊ ရထား တိမ်းမှောက်ပျက်စီးပြီး အပြစ်မဲ့ ပြည်သူများ ထိခိုက်၊ သေကျေ ဒဏ်ရာရရှိစေရန်နှင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် ရည်ရွယ်၍ မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိရာ အများပြည်သူတို့အနေဖြင့် မိမိတို့ ပတ်ဝန်းကျင်တွင် မသင်္ကာဖွယ်လူစိမ်းများ၊ မသင်္ကာဖွယ် ပစ္စည်းများ တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာက တိုက်တွန်း နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြံခင်းမြို့နယ် မြန်မာ့သစ်လုပ်ငန်း (ပြည်တွင်းရောင်း/စက်) ဌာန အမှတ် (၁၁၆) သစ်စက်တွင် မေ ၄ရက်က မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်ရာ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကြည်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

...က်ဖြစ်ပွားပါက ခိုင်းကျွဲ၊ နွားများ လုပ်ငန်းခွင် ...ရောဂါပျောက်ကင်းသော်လည်း အမောမလုံခြင်း၊ ...ားတွင် သားလျှောခြင်း၊ သားမအောင်ခြင်း မြုံခြင်း ...န်း လျော့ကျခြင်းများ ဖြစ်စေနိုင်ပါသည်။

...း

...က်ခြင်း၊ အစာမစားဘဲ ငေးမှိုင်နေခြင်း။
...း၊ သွားရည်ကျခြင်း။
...င်၊ သွားဖုံး၊ ခံတွင်းတို့တွင် အရည်ကြည်ဖုများ ...ာပြီး ၎င်းမှ ပေါက်ပြဲ၍ အနာများဖြစ်လာကာ ...ခြင်း။
...န်းကုံးတို့တွင်လည်း အရည်ကြည်ဖုနှင့် အနာများ ...ထောက်နာပြီး လမ်းမလျှောက်နိုင်ခြင်း။

...ခြင်း

...ည် ရောဂါဖြစ် တိရစ္ဆာန်၏ အနာဖေး၊ အနာ သားငန်ရည်၊ သွားရည်၊ နှာရည်၊ ဆီး၊ ဝမ်း၊ နို့၊ သုက်ရည်၊ ကိုယ်တွင်းအင်္ဂါများ စသည်တို့တွင် ပါရှိတတ်သည်။

- ❒ ရောဂါဖြစ် တိရစ္ဆာန်နှင့်ထိတွေ့ခြင်း၊ ရောဂါဖြစ် တိရစ္ဆာန်မှ ထွက်သည့် ရောဂါပိုးပါသော ပစ္စည်းများနှင့် ရောဂါဖြစ်ခြံရှိ အသုံးအဆောင်ပစ္စည်း၊ အလုပ်သမား၊ အဝတ်အစား၊ ဖိနပ် စသည်တို့မှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့နိုင်ပါသည်။

၄။ **ရောဂါကာကွယ်ခြင်း**

- ❒ ရောဂါမဖြစ်ပွားမီ ကာကွယ်ဆေးထိုးရန် လိုအပ်ပါသည်။ ကာကွယ်ဆေးထိုးရန် နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်နိုင်ပါသည်။
- ❒ ရောဂါဖြစ်ပွားပါက ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်သတင်းပေးပို့ရပါမည်။

၅။ **ရောဂါထိန်းချုပ်ခြင်း**

- ❒ ကူးစက်ရောဂါဖြစ်ပွားသော တိရစ္ဆာန်နှင့် ယင်းတိရစ္ဆာန်နှင့် အတူနေသော တိရစ္ဆာန်တို့ကို သီးသန့်ခွဲခြားထားရမည်။
- ❒ ယင်းတိရစ္ဆာန်များ ပြင်ပသို့မထွက်ရန်၊ ပြင်ပမှတိရစ္ဆာန်များ မဝင်ရောက်နိုင်ရန် စီမံဆောင်ရွက်ရမည်။
- ❒ ရောဂါဖြစ်နေသော တိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတိရစ္ဆာန်နှင့်အတူနေသော တိရစ္ဆာန်ကိုဖြစ်စေ ရောဂါဖြစ်ပွားဆဲကာလအတွင်း ရောင်းချခြင်း၊ အခြားဒေသသို့ သယ်ဆောင်မောင်းနှင်ခြင်း မပြုရပါ။
- ❒ ယင်းတိရစ္ဆာန်၏ အညစ်အကြေးများ၊ အညစ်အကြေးနှင့် ထိစပ်သောပစ္စည်းများ၊ အစာအကြွင်းအကျန်များကို မြေမြှုပ်၍ဖြစ်စေ၊ ခြံသုံးပိုးသတ်ဆေးဖျန်း၍ဖြစ်စေ၊ မီးရှို့၍ဖြစ်စေ ဖျက်ဆီးပစ်ရပါမည်။
- ❒ ရောဂါဖြစ်နေသော တိရစ္ဆာန်ကို ပြုစုစောင့်ရှောက်သူ၊ ယင်းခြံအတွင်း ဝင်သူတို့သည် လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်၊ ခြေထောက်၊ အဝတ်အစားနှင့် ဖိနပ်တို့ကို ဆပ်ပြာဖြင့် ဆေးကြောသန့်စင်ရပါမည်။

၆။ **ရောဂါကုသခြင်း**

- ❒ ကျောက်ချဉ် လေးကျပ်သားကို တစ်လီတာဝင် ရေသန့်ဘူးတွင် ဖျော်စပ်၍ လျှာ၊ ပါးစပ်ကို တစ်နေ့လေးကြိမ်သုတ်လိမ်းပေးပါ။
- ❒ ခွာအနာကို သန့်ရှင်းခြောက်သွေ့စေ၍ ဆေးကတ္တရာကို အနာထဲဝင်အောင် သုတ်လိမ်းပေးပါ။

၇။ **ပူးပေါင်းဆောင်ရွက်ခြင်း**

- ❒ ရောဂါဖြစ်ပွားလျှင် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ဆောလျင်စွာ သတင်းပေးပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာ ထိန်းချုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

နယုန်လပြည့် မဟာသမယအခါတော်နေ့

နယုန်လသည် မြန်မာလများတွင် သုံးလမြောက် လဖြစ်သည်။ နွေရာသီကုန်ဆုံးရန် ဆယ့်ငါးရက်မျှသာ ကျန်တော့သည့်လဖြစ်သဖြင့် နယုန်လတွင် မိုးသေးမိုးဖွဲများ ရွာလေ့ရှိသည်။ **"နယုန်မိုးသေး၊ မြက်သားမွေး"** ဟူသော စာဆိုနှင့်အညီ မြက်နုကလေးများ ခေါင်းပြူလာကြသည်။ စိမ်းစိမ်းစိုစိုဖြစ်လာတတ်ကြသည်။

နယုန်ကို ပုဂံခေတ်၊ အင်းဝခေတ် ကျောက်စာများ၌ နံယုန်၊ နယုန်၊ နံမျှန်ဟူ၍ ရေးထိုးခဲ့ကြသည်။ နံယုန်တွင် နံပုဒ်သည် အချိန်၊ အခါ၊ ကာလဟု အဓိပ္ပာယ်ရသည်။ ယုန်ပုဒ်ကား ယိုကျ၊ စီးကျ၊ ရွာကျဟု အဓိပ္ပာယ်ရသည်။ နံယုန်ဟု နှစ်ပုဒ်ပေါင်းလိုက်သောအခါ မိုးရွာချိန်လဟု အဓိပ္ပာယ်ရလေသည်။

ပဒေသရာဇ်ခေတ်အဆက်ဆက်က နယုန်လ၏ပွဲတော်သည် စာတော်ပြန်ပွဲဖြစ်သည်။ ယခုခေတ် ပထမပြန်စာမေးပွဲသည် ထိုနယုန်လ စာတော်ပြန်ပွဲမှ ဆင်းသက်လာခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် နယုန်လပြည့်နေ့ကို **"မဟာသမယအခါတော်နေ့"**အဖြစ် သတ်မှတ်ကြသည်။

ဂေါတမဘုရားရှင် လက်ထက်တော်အခါက ကပိလဝတ်ပြည်နှင့် ကောလိယပြည် လယ်သမားများသည် နှစ်ပြည်ထောင်ကြားရှိ ရောဟဏီမြစ်ရေ လုကြရာမှစ၍ အဆင့်ဆင့် ရန်ပွဲကြီးဖြစ်ရာ နှစ်ပြည်ထောင်တို့ စစ်ခင်းကြရမည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ထိုအခါ ဘုရားရှင်က အချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်း၏ အဖြစ်ကိုလည်းကောင်း၊ အချင်းချင်း စည်းလုံးညီညွတ်ခြင်း၏ အကျိုးကိုလည်းကောင်း၊ ငါးရာ့ငါးဆယ်လာ ဇာတ်တော်များဖြင့် ဟောကြားခဲ့ရာ နှစ်ပြည်ထောင်မင်းတို့ စစ်ပြေငြိမ်းခဲ့ကြသည်။

နှစ်ပြည်ထောင်တို့သည် သွေးချောင်းစီးမည့်အရေးမှ ကယ်တင်သော ဘုရားရှင်ကို ကျေးဇူးတင်လွန်း၍ တစ်ဖက်လျှင် မင်းသား ၂၅၀စီဖြင့် မင်းသားငါးရာတို့အား သာသနာ့ဘောင်သို့သွတ်သွင်းကာ ဘုရားရှင်အား ဝန်းရံလုပ်ကျွေးစေလေသည်။ ထိုရဟန်းငယ်များသည် ဇနီးမယားတို့ကို အောက်မေ့တမ်းတ သတိရပြီး သာသနာ့ဘောင်ဝယ် မပျော်မွေ့နိုင် ဖြစ်နေလေသည်။ ဘုရားရှင်က ဂါထာသုံးရာဖြင့် တန်ဆာဆင်အပ်သော ကုဏာလဇာတ်တော်ကို ဟောပြ၍ ဆုံးမတော်မူရာ ရဟန်းငါးရာလုံး သောတာပန်တည်လေသည်။

ဘုရားရှင်သည် ကုဏာလရေအိုင်မှ ကပိလဝတ်ပြည်အနီးရှိ မဟာဝုန်တောကြီးသို့ ပြန်ကြွတော်မူသည်။ လိုက်ပါလာသော ရဟန်းငါးရာတို့သည် မဟာဝုန်တောကြီးအတွင်း၌ ဆက်လက်တရားအားထုတ်ကြရာ အားလုံးရဟန္တာဖြစ်ကြလေသည်။ ရဟန္တာငါးရာတို့သည် နယုန်လပြည့်နေ့ ညချမ်းအချိန်၌ ဘုရားရှင်ရှေ့တော်မှောက်သို့ စုဝေးရောက်ရှိလာကြသည်။ ဘုရားဖူးရန်နှင့် မိမိတို့ရရှိပြီးသော တရားထူးကို လျှောက်ထားရန် ဘုရားရှင်ရှေ့တော်မှောက်သို့ စုဝေးရောက်ရှိလာကြကုန်သော ထူးကဲသည့် သံဃာ့အစည်းအဝေးကြီးကို ဖူးမြော်ကြည်ညိုလိုကြသော နတ်၊ ဗြဟ္မာ၊ အသူရာ၊ နဂါး၊ ဂဠုန်တို့သည် မဟာဝုန်တောကြီးသို့ အုပ်စုလိုက် စုရုံးရောက်ရှိလာကြသည်။ မဟာဝုန်တောဝန်းကျင်တွင် စကြဝဠာတိုက်တစ်သောင်းမှ စုဝေးရောက်ရှိလာကြသော နတ်ဗြဟ္မာတို့ဖြင့် ပြည့်ကျပ်လျက်ရှိတော့သည်။ ပြည့်ကျပ်လွန်းသဖြင့် ခန္ဓာကိုယ်ကို မှုန်မှုန်မွှားမွှားကလေးဖြစ်အောင် ဖန်ဆင်းနေကြရသည်။

နယုန်လပြည့်နေ့၌ ထိုကဲ့သို့ နတ်ဗြဟ္မာများ စုရုံးစည်းဝေးကြသောအခါကို **"မဟာသမယ"**ဟု ခေါ်သည်။ များစွာသော နတ်ဗြဟ္မာအပေါင်းတို့၏ အစည်းအဝေးကြီးဟု ဆိုလိုခြင်းဖြစ်သည်။ ထိုနတ်သဘင်အစည်းအဝေး၌ ဘုရားရှင်က နတ်ဗြဟ္မာတို့၏ အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြားနှုတ်ဆက်သောစကားတော်များကို **"မဟာသမယသုတ်"**ဟု ခေါ်လေသည်။

စုဝေးရောက်ရှိလာကြသော နတ်ဗြဟ္မာများထဲမှ ဗြဟ္မာတစ်ဦးက "အရှင်ဘုရား၊ မဟာဝုန်တော၌ နတ်ဗြဟ္မာအပေါင်းတို့ စုဝေးရောက်ရှိလာကြသဖြင့် အစည်းအဝေးကြီးဖြစ်လျက် ရှိနေပါသည်။ တပည့်တော်တို့သည် ကိလေသာရန်သူတို့ကို အောင်နိုင်တော်မူပြီးသော သံဃာတော်တို့ကို ဖူးမြင်ခြင်းငှာ ဤတရားသဘင်အစည်းအဝေးသို့ လာရောက်ကြပါကုန်၏"ဟု လျှောက်ထားလေသည်။ အခြားဗြဟ္မာတစ်ဦးက "အရှင်ဘုရား၊ ထိုအစည်းအဝေး၌ ရဟန်းတို့သည် မိမိ၏စိတ်ကို တည်ကြည်စေလျက် ဖြောင့်မတ်စွာ ပြုထားပါကုန်၏။ ရထားထိန်းသည် မြင်းဇက်ကြိုးတို့ကိုကိုင်၍ ထိန်းသကဲ့သို့ ပညာရှိရဟန်းတို့သည် ဣန္ဒြေတို့ကို ထိန်းသိမ်းတော်မူကြပါကုန်၏"ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က "ရဟန်းတို့၊ စကြဝဠာတစ်ထောင်စီရှိသော လောကဓာတ်ဆယ်ခုတို့မှ နတ်ဗြဟ္မာတို့သည် ဘုရားရှင်နှင့် ရဟန်းသံဃာတို့ကို ဖူးမြော်ဖို့ရာ စုဝေးရောက်ရှိလာကြကုန်၏။ အတိတ်က ပွင့်ခဲ့သော ဘုရားရှင်တို့၏ လက်ထက်တော်၌လည်း ဤမျှသော နတ်ဗြဟ္မာတို့ စည်းဝေးခဲ့ကြကုန်ပြီ။ နောင်အနာဂတ်၌ ပွင့်လတ္တံ့သော ဘုရားရှင်တို့၏ လက်ထက်တော်၌လည်း ဤမျှသော နတ်ဗြဟ္မာတို့ စည်းဝေးကြကုန်လိမ့်မည်။ ရဟန်းတို့၊ နတ်ဗြဟ္မာအပေါင်းတို့၏ အမည်နာမကို ပြောကြားပြပေအံ့၊ ကောင်းစွာနှလုံးသွင်းကြလော့"ဟု မိန့်တော်မူကာ မဟာသမယသုတ်တော်ကို ဟောတော်မူလေသည်။

ဘုမ္မစိုးနတ်အုပ်စု၊ နဂါးများအုပ်စု၊ ဂဠုန်အုပ်စု၊ အသူရာများအုပ်စု၊ နတ်မျိုးခြောက်ဆယ်အုပ်စုတို့ပါမကျန် နတ်ဗြဟ္မာအားလုံး၏ အမည်နာမများကို ထုတ်ဖော်မိန့်ဟ ချီးမြှင့်တော်မူလေသည်။

ဤမဟာသမယသုတ်တော်ကို နတ်ဗြဟ္မာများက အလွန်ချစ်မြတ်နိုးကြသည်။ မင်္ဂလာစကား မြွက်ကြားသူသည် နေရာဌာနအသစ်များတွင် ဤသုတ်ကို ရွတ်ဆိုထိုက်သည်။ နတ်ဗြဟ္မာများက မဟာသမယသုတ်ကို နာယူချင်၍ အမြဲတမ်း နားစွင့်နေသည်ဟု အဋ္ဌကထာဆရာက ဖွင့်ဆိုထားသည်။ လောက၌ ထင်ပေါ်ကျော်ကြားအောင်မြင်သူ၊ အကြီးအကဲတို့က လူကြားသူကြားတွင် ကိုယ့်နာမည်လေးခေါ်လိုက်လျှင် အလွန်ကျေနပ်ကြသည်။ သုတ်မင်္ဂလာ အရှိဆုံးအသံအဖြစ် စွဲမှတ်ကာ အလွန်နှစ်သက် ပီတိဖြစ်ကြရသည်။ ဤမဟာသမယသုတ်သည် နတ်ဗြဟ္မာများကို မိတ်ဖွဲ့စည်းရုံး၍ သူတို့မေတ္တာ၊ သူတို့အစောင့်အရှောက်ကို ခံယူနိုင်သောသဘော ရှိလေသည်။

ဤမဟာသမယအခါတော်နေ့တွင် သီတင်းသီလစောင့်ခြင်း၊ ဒါနပြုခြင်း၊ မဟာသမယသုတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ကုသိုလ်ကောင်းမှု အစုစုတို့ကို နတ်ဗြဟ္မာတို့အား အမျှူထား၍ အမျှအတန်းပေးဝေခြင်း၊ မေတ္တာပို့ခြင်းတို့ဖြင့် နတ်ဗြဟ္မာတို့၏ အစောင့်အရှောက်ကို ပိုမိုရယူသင့်လှပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပန်းတောင်း သန်းကြွယ်

မဟာသမယ လမြတ်က နယုန်

* နွေနှောင်းကာလ သမယခါမီ
ရာသီဇွေ့ လမင်းတူညီ
မိဂသီပွင့် စန်းနှင့်ပြိုင်သည်
ကြိုင်ကြိုင်မွှေး မြတ်လေးစံပယ်လှိုင်သည်။

* ကျမ်းဂန်သင်ပြ ဗုဒ္ဓစာပေ
သာမဏေရဟန်း မေးမြန်းစာဖြေ
ဥပဒေစည်းကမ်း နည်းလမ်းညီစေ
စာဖြေပွဲ ဆင်နွှဲနှစ်စဉ်ပေ။

* ကပိလနှင့် ကောလိယပြည်သူ
ရောဟဏီဝေစု ရေလုရန်မူ
ကြည်ဖြူတရားဆေး တိုက်ကျွေးတမူ
တူဆင်မြန်း, သက်န်းဝတ်စုံတူ။

* ဟိမဝန္တာမှ ကုဏာလအိုင်ဆီ
ကြွချီခေါ်သွား ရဟန်းငါးရာသည်
သောတာပန်စစ် ဖြစ်တော်မူသည်
တူတကွ, သွားကြမဟာဝုန်ဆီ။

* မဟာဝုန်တော သာမောလှစွာ
ရောလာစုစည်း သီးသီးနေရာ
ဗြဟ္မာသိကြား နတ်များစုံစွာ
မည်နာမ, ဗုဒ္ဓခွန်းဆက်ကာ။

* ရာဂ,ဒေါသ မောဟ,သဒ္ဓါ
ပညာ,ဝိတက် ခက်လယ်ခြောက်ဖြာ
ဟောကာညွှန်ပြ ဗုဒ္ဓစေတနာ
ကြားနာရ, အရဟတ္တဖိုလ်သို့သာ။

* ဂဠုန်နဂါး ရဟန်းငါးရာ
နတ်ဗြဟ္မာများ ဘုရားထံလာ
မဟာသမယ ချိန်ကာလမှာ
မြတ်ဗုဒ္ဓ, ဟောပြသုတ်တော် မဟာ။

* နယုန်လပြည့် ရောက်သည့်ချိန်မှာ
မဟာသမယ သုတ္တဖြာဖြာ
ရွတ်ကာဖတ်ကြား နတ်များဗြဟ္မာ
သတ္တဝါတို့ ပို့သထိုမေတ္တာ။

* မြန်မာဗုဒ္ဓ ဖြစ်ရတို့မှာ
ဘဂဝါဘုရား ဟောကြားဒေသနာ
ဖြာဖြာကြိုးကုတ် အားထုတ်၍သာ
နိဗ္ဗာန, ရည်ကြ လူနတ်ဗြဟ္မာ။ ။

ဖိုးရှိန်နိုင်(ကျောက်ကြီး)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ခုနှစ်၊ နယုန်လပြည့်နေ့
(ဥပုသ်နေ့)
၂၇-၅-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ)၏ **ချစ်ခင်ညီညာပေါင်းတာမှန်မှ ငြိမ်းချမ်းရ** တရားတော်
၈:၁၀ ၄။ ဓမ္မပူဇာတေးအစီအစဉ်
၈:၂၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၄၀ ၆။ International News
၈:၄၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL Cup(2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် **(ဆောက်သမ်းမြန်မာ F.C နှင့် မကွေး F.C)**
၅:၀၀ ၂။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၅:၀၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာ အထူးပြု) (အင်္ဂလိပ်စာ)
၅:၂၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၅ ၅။ ဥတုရာသီတောကိုမှီ
၅:၄၀ ၆။ ရောင်စုံရေးသီ တေးပန်းချီ
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၅ ၈။ မိုးလေဝသအခြေအနေ
၆:၂၀ ၉။ ပျော်ရွှင်စေသောနေ့ရက်များ **ချစ်သူကော်ဖီ** (အပိုင်း-၈) သူရလင်း၊ နန်းဆုရတီစိုး၊ မေတ္တာ၊ ယုဇနဖိုလ်မြင့် (ဒါရိုက်တာ- အောင်ကျော်သူရ)
၆:၃၅ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွမ်းသောချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၄)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၁၈)
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၄၆)
၁၇။ **သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နယုန်လပြည့် မဟာသမယ ကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့**
၁၈။ အစီအစဉ်ပြီး၏။

ABE Diploma in Business Management
သင်တန်းများ ဖွင့်လှစ်မည်

နေပြည်တော် မေ ၂၆

Wise International School of Executives ကစီးပွားရေးလုပ်ငန်းများတွင် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့်ပတ်သက်သော Association of Business Executives (ABE), UK မှ ပေးအပ်သည့် ABE Diploma in Business Management သင်တန်းများကို မေလကုန်ပိုင်းတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

တိုက်ရိုက်ချီးမြှင့်

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးသူတိုင်း တက်ရောက်သင်ကြားနိုင်သော Certificate သင်တန်းများ၊ တက္ကသိုလ်တစ်ခုခုတွင် ပညာသင်ကြားနေသော ကျောင်းသားများအပြင် တက္ကသိုလ်မှ ဘွဲ့ရပြီး လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသူများ တက်ရောက်သင်ကြားနိုင်သော Diploma သင်တန်းများကို တက်ရောက်သင်ကြားနိုင်မည်ဖြစ်ပြီး အဆိုပါသင်တန်းများမှ အောင်မြင်သူများကို ABE,UK မှ နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များကို တိုက်ရိုက်ချီးမြှင့်ပေးသွားမည် ဖြစ်သည်။

သင်ကြားနိုင်

WISE သင်တန်းကျောင်းတွင် စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၏ ထိရောက်သောသင်ကြားမှုများ၊ နေ့စဉ်အနီးကပ် လေ့ကျင့်သင်ကြားမှုများ၊ Tutorial များ၊ မေးခွန်းဟောင်းများဖြင့် အောင်ချက်ကောင်းများ၊ ရမှတ်ကောင်းများရရှိအောင် အထူးဂရုပြု သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး စာမေးပွဲကို ၂၀၁၀ခုနှစ် ဒီဇင်ဘာလဆန်းတွင် ABE, UK က ကြီးမှူး၍ တိုက်ရိုက်စစ်ဆေးသွားမည်ဖြစ်သည်။

သင်တန်းသားများသည် WISE မှ လစဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော Free Seminar များ၊ Short Course များကိုလည်း တက်ရောက်သင်ကြားခွင့်ရရှိနိုင်မည်ဖြစ်သည်။

စုံစမ်းနိုင်

အဆိုပါသင်တန်းသို့ စိတ်ပါဝင်စားသူ ကျောင်းသားများ၊ ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့အစည်းများသည် Wise International School for Executives အခန်းအမှတ် (၁၀၀၉) (၁၀)ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၆၁၈၃၊ ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

(၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ

ရန်ကုန် မေ ၂၆

(၅၇)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့် ဆေးပစ္စည်းကိုယ်စားလှယ်များအား မေ ၂၈ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ဥတုရာသီတောကိုမှီ၏

နာမည်ကြီးဂျာမနီတို့ မျက်နှာပန်းလှနိုင်တဲ့

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)

➢ ရေးသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ကိတ်ဖ်တောင်း မေ ၂၆

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပါဝင်ဆင်နွှဲမယ့် အုပ်စု(ဃ)မှာ ပါဝင်တဲ့ အသင်းတွေကတော့ ဂျာမနီ၊ သြစတြေးလျ၊ ဆားဘီးယားနဲ့ ဂါနာတို့ပဲဖြစ်ပါတယ်။ ဒီအုပ်စုမှာ ဂျာမနီတို့ ပွဲကျုပ်သိပ်မရှိတာမို့ ကြိုးစားအားထုတ်မှုကောင်းရင် အုပ်စုအဆင့်ကနေပြီး နောက်တစ်ဆင့်ကို ထိပ်ဆုံးကတက်ရောက်နိုင်တဲ့ အခြေအနေရှိပါတယ်။

ဂျာမနီအသင်း

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းမှာတော့ ဂျာမနီတို့က သမိုင်းအစဉ်အလာကောင်းတဲ့ အသင်းဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ ၁၉၅၄ခုနှစ်၊ ၁၉၇၄ခုနှစ်နဲ့ ၁၉၉၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွေမှာ ဖလားဆွတ်ခူးနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ လက်ရှိ အနေအထားမှာလည်း ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ဆဋ္ဌမနေရာမှာရှိနေပြီး အုပ်စု(ဃ)မှာတော့ နာမည်ကြီးနေတဲ့အသင်း

အုပ်စု(ဃ)၌ နောက်တစ်ဆင့်တက်ရောက်ရန် နာမည်ကြီးနေသည့် ဂျာမနီအသင်း····။

ဖြစ်ပါတယ်။ ၁၉၅၀ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှစတင်ပြီး ကမ္ဘာ့ဖလားပွဲတိုင်း ပါဝင်ဆင်နွှဲနိုင်ခဲ့တဲ့အသင်းလည်းဖြစ်တာမို့ ပြိုင်ဘက်တွေရှိန်တဲ့ အသင်းဖြစ်ပါတယ်။

ဂျာမနီအသင်းကို နည်းပြအဖြစ် တာဝန်ယူမယ့်သူကတော့ ဂျိုအာချန်လူးဖြစ်ပြီး အသင်းခေါင်းဆောင်က မိုက်ကယ်ဘောလက် ဖြစ်ပါတယ်။ ဂျာမနီအသင်းခေါင်းဆောင်ဘောလက်ဟာ ခြေထောက်ဒဏ်ရာသက်သာမှု မရှိတာမို့ ပါဝင်ဖို့ကတော့ မသေချာပါဘူး။ ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဝင်နွှဲမယ့် ဂျာမနီအသင်းမှာ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ကလိုဆေး၊ ဝါဒါဘရီမင် ကွင်းလယ်ကစားသမား အိုဇယ်တို့ကို အားပြုကစားမှာ ဖြစ်ပါတယ်။ ဂျာမနီအသင်းဘောလုံးသမားများရဲ့ ပျမ်းမျှအသက်ဟာ ၂၇နှစ်ဖြစ်တာမို့ ကစားအားကောင်းတဲ့အသင်းဖြစ်တဲ့အပြင် အဆုံးသတ်သေချာတဲ့ အသင်းအဖြစ်လည်း နာမည်ကြီးနေပါတယ်။ ဂျာမနီအသင်းရဲ့ မျှော်မှန်းချက်ကတော့ စတုတ္ထမြောက် ကမ္ဘာ့ဖလား ဆွတ်ခူးရရှိရေးပဲ ဖြစ်ပါတယ်။

သြစတြေးလျအသင်း

အုပ်စု(ဃ)မှာ ပြိုင်ဘက် အသင်းတွေအတွက် အန္တရာယ်ပေးနိုင်တဲ့ အသင်းကတော့ သြစတြေးလျအသင်းပဲဖြစ်ပါတယ်။ သြစတြေးလျအသင်းဟာ တဖြည်းဖြည်းနဲ့ ခြေစွမ်းတက်လာတဲ့အသင်း ဖြစ်လာတဲ့အပြင် ခြေစွမ်းတည်ငြိမ်အောင်လည်း ကြိုးစားနေတဲ့ အသင်းဖြစ်ပါတယ်။ သြစတြေးလျအသင်းရဲ့ ဖီဖာသတ်မှတ်ချက် ကမ္ဘာ့အဆင့်က ၂၁ဖြစ်ပြီး အမြင့်ဆုံး အောင်မြင်မှုကတော့ ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲအထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ သြစတြေးလျအသင်းကို ဂူဟစ်ဒင့်ကိုင်တွယ်ခဲ့တဲ့ ကာလမှာ ဘောလုံးသမားတစ်ဦးချင်းရော အရည်အသွေးပါ တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲဝင် သြစတြေးလျအသင်းကို နည်းပြ ပမ်ဗာဘက်က တာဝန်ယူမှာဖြစ်ပြီး အသင်းခေါင်းဆောင်အဖြစ် တင်ကာဟေးကို တာဝန်ပေးဖို့ ရွေးချယ်ထားပါတယ်။ သြစတြေးလျအသင်းမှာတော့ ဖူလ်ဟမ်မှာ ကစားနေတဲ့ ဂိုးသမား မက်ရှဝါဇာ၊ အဲဗာတန်နောက်ခံလူ လူကတ်နေးလ်၊ နောက်ပြီး ဘလက်ဘန်းအသင်းကွင်းလယ်ကစားသမား အီမာတန်၊ အဲဗာတန်တိုက်စစ်မှူး တင်ကာဟေး၊ လီဗာပူး

ကွင်းလယ်ကစားသမားဟောင်း ကီးဝဲလ်စတဲ့ ကစားသမားတွေနဲ့ အခြေခံပြီး စုဖွဲ့ထားတာဖြစ်ပါတယ်။ သြစတြေးလျအသင်းရဲ့ အမြင့်ဆုံးမျှော်လင့်ချက်ကတော့ ကွာတားဖိုင်နယ် တက်ရောက်ရေးဖြစ်ပြီး အဲဒီရည်မှန်းချက်ကို အောင်မြင်အောင် ကြိုးစားသွားဖို့ ဆုံးဖြတ်ထားတဲ့အသင်းဖြစ်ပါတယ်။

ဆားဘီးယားအသင်း

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ ခြေစစ်ပွဲမှာ ရိုမေးနီးယားလို လျှင်မြန် မာကျောတဲ့အသင်းကို ငါးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တဲ့ ဆားဘီးယားရဲ့ခြေစွမ်းကတကယ့်ကို အသိအမှတ်ပြုစရာပါပဲ။ ဆားဘီးယားအသင်းဟာ ယူဂိုဆလပ်အနေနဲ့ကစားခဲ့တဲ့ ၁၉၃၀ပြည့်နှစ် ကမ္ဘာ့ဖလားပွဲနဲ့ ၁၉၆၂ခုနှစ် ကမ္ဘာ့ဖလားပွဲတွေမှာ စတုတ္ထနေရာအထိ ရောက်ရှိခဲ့တဲ့အသင်းဖြစ်ခဲ့တာကြောင့် မှတ်တမ်းကောင်းတွေရှိခဲ့ဖူးတဲ့ အသင်းဖြစ်ပါတယ်။

ဆားဘီးယားအသင်းကို နည်းပြအဖြစ် ရာဒိုမီရာအင်တစ်က တာဝန်ယူ ကိုင်တွယ်မှာဖြစ်ပြီး အသင်းခေါင်းဆောင်အဖြစ် ဗီဒစ်ကိုတာဝန်ပေးဖို့ ရွေးချယ်ထားပါတယ်။ ဖီဖာကသတ်မှတ်တဲ့ ကမ္ဘာ့အဆင့် ၂၀ရှိတဲ့ ဆားဘီးယားအသင်းဟာ ခြေစွမ်းမာကျောထက်မြက်

ပါတယ်။ ဆားဘီးယားနည်းပြ ရာဒိုမီရာအင်တစ်ဟာ ဆားဘီးယားအသင်းကို တစ်ချိန်ကရယူခဲ့ဖူးတဲ့အောင်မြင်မှုမျိုးကို ပြန်လည်ရရှိအောင် ကြိုးစားမယ်လို့ ပြောကြားနေပါတယ်။

ဆားဘီးယားအသင်းမှာ မန်ယူနောက်ခံလူ ဗီဒစ်၊ ချယ်လ်ဆီးမှာ ကစားနေတဲ့ အီဗန်နိုဗစ်၊ ဝုဖ်ဗာမှာ ကစားနေတဲ့ မီလီဂျက်စ်၊ အင်တာမီလန်မှာ ကစားနေတဲ့ စတန်ကိုဗစ်စတဲ့ ကစားသမားတွေကို အခြေပြုပြီး ပြိုင်ဘက်တွေကို နိုင်ပွဲရအောင်ကစားသွားဖို့ ပြင်ဆင်နေပါတယ်။

ဂါနာအသင်း

အာဖရိကမှာတော့ ဂါနာအသင်းဟာ ခြေမာပြီး ပြိုင်ဘက်တိုင်းကို ရဲရဲဝံ့ဝံ့ တိုက်စစ်ဆင်ကစားတတ်တဲ့ အသင်းဖြစ်ပါတယ်။ အုပ်စု(ဃ)မှာ ဂါနာအသင်းရဲ့ ကစားအားကို ပြိုင်ဘက်တွေ အလေးထား ယှဉ်ပြိုင်မှသာ ကျော်ဖြတ်နိုင်ပါလိမ့်မယ်။

ဂါနာအသင်းရဲ့ ကမ္ဘာ့ဖလား ဘောလုံးပွဲသမိုင်း အောင်မြင်မှု မှတ်တမ်းကတော့ ၂၀၀၆ ခုနှစ်မှာ အုပ်စု ဒုတိယအဆင့် တက်ရောက်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဖီဖာရဲ့ ကမ္ဘာ့အဆင့် သတ်မှတ်ချက်က ၃၇ဖြစ်ပြီး ဂါနာအသင်းကို နည်းပြအဖြစ် တာဝန်ယူမယ့်သူကတော့ မီလိုဗင်ရာဂျေဗစ်ပဲ ဖြစ်ပါတယ်။ အသင်းခေါင်းဆောင်အဖြစ် အက်ဆီယံက တာဝန်ယူမှာဖြစ်လို့ ဂါနာဟာ လျှော့တွက်လို့တော့ မရတဲ့အသင်းဖြစ်ပါတယ်။ ၂၀၁၀ ကမ္ဘာ့ဖလား နောက်ဆုံးခြေစစ်ပွဲအဖြစ် ဆူဒန်အသင်းအပေါ် နှစ်ဂိုးပြတ်နဲ့ အနိုင်ယူပြီး အောင်မြင်လာခဲ့တာ ဖြစ်ပါတယ်။

ရည်မှန်းချက်မြင့်မြင့်ထားရှိနေသောသြစတြေးလျ အသင်း အုပ်စု(ဃ)၌ အုပ်စုအဆင့် ကျော်ဖြတ်နိုင်ပါ့မလား....။

စုဖွဲ့ထား

ကြယ်နက်တွေလို့ အမည်ပေးထားတဲ့ ဂါနာအသင်းမှာ အင်တာမီလန်က ကွင်းလယ်လူ မွန်တာရီ၊ ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်ဆီယံစတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာဖြစ်ပါတယ်။ အက်ဆီယံနဲ့ မွန်တာရီတို့က ကစားကွက်ကို ထိန်းချုပ်နိုင်သလို ဂိုးလည်းသွင်းယူနိုင်ကြသူတွေဖြစ်တာမို့ ဂါနာအသင်းဟာ အုပ်စုအဆင့်မှ ကျော်လွှားဖို့အတွက် နည်းပြဂျေဗစ်က ကြိုးစားပြင်ဆင်နေပြီ ဖြစ်ပါတယ်။ ။

ကိုးကား-အင်တာနက်

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် တည်ဆောက်သွားမည့် ကြံခင်းမြို့နယ်နှင့် ပန်းတောင်းမြို့နယ် နယ်ခြားအကောက်တောင် ဂျုံးဂျုံးကျချောင်းကူးတံတား ပြန်လည်ဆောက်လုပ်မည့် အခြေအနေများကို ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းနှင့် ကြံခင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်တို့ ကွင်းဆင်းကြည့်ရှုရာ တာဝန်ခံအင်ဂျင်နီယာ ဦးစောဟားနေက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) တွဲဖက်အတွင်းရေးမှူးနှင့်အဖွဲ့ လူငယ်များတွေ့ဆုံ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) တွဲဖက်အတွင်းရေးမှူး ဦးမြင့်ခိုင် ဦးဆောင်၍ MANA လူငယ်ကော်မတီဝင်များနှင့် အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် လူငယ်များ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးရောင်းဝယ်ရေးနှင့် တိုက်ဖျက်ရေးနေ့ အကြိုတွေ့ဆုံဆွေးနွေးပညာပေးပွဲကို မေ၂၄ရက် နံနက် ၉နာရီက အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါ်တင်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ခိုင်၊ ဗဟိုကော်မတီဝင် ဦးတင်ထွဋ်၊ MANA လူငယ်ကော်မတီ အတွင်းရေးမှူး ဒေါ်ချိုချိုနှင့် နည်းပြများ၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း(သတင်းထောက်စဥ့်ကူစိုးဝင်း)နှင့် အဖွဲ့ဝင်များ၊ တောင်သူကုန်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးငွေးလှိုင်နှင့် ရာအိမ်မှူးများ၊ သင်တန်းသား သင်တန်းသူ ၅၅ဦး တက်ရောက်ကြသည်။

အခမဲ့ပေးဝေ

အခမ်းအနားတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ကော်မတီဝင် ဦးတင်ထွဋ်၊ MANA လူငယ်ကော်မတီဝင် ဒေါ်အေးအေးအောင်၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း (သတင်းထောက်စဥ့်ကူစိုးဝင်း)တို့က သင်တန်းဖွင့် အမှာစကားများပြောကြားပြီး အုပ်စုသုံးစုခွဲကာ သင်တန်းနည်းပြများက သင်တန်းပို့ချပြီး စာအုပ်၊ ပိုစတာ၊ လက်ကမ်းကြော်ငြာများ အခမဲ့ပေးဝေသည်။ **(၁၁၃)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၉ ဒသမ ၆သိန်းဖြင့် အရှည် ပေ၁၇၀၀၊ အကျယ် ၁၂ပေရှိလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော မိုင်းပွန်လမ်းသွယ်(၄)ကို မေ ၁၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကိုကိုအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၁၂၃)

မေ ၁၅ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိသော ဂါလန်သုံးသိန်းဆံ့ မြို့ရေပေးဝေရေး ရေလှောင်ကန်အတွင်းမှ သောက်သုံးရေအဆက်မပြတ်ရရှိမှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောင်းအပ်နှံရေး

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့ ရန်ကင်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၅ရက်က အထက(၁)ရန်ကင်း သီရိရတနာခန်းမ၌ ကျင်းပရာ ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းနေရေး ဗဟိုကော်မတီဝင် ကိုယ်စား ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကားပြောကြားစဉ်။ (၁၇၀)

KMD Computer Centre
LCCI Accounting Course
Enroll Now For Nov / 2010
Level I + II (Book-keeping & Accounts)
12 - June - 2010 (Sat & Sun) 7:30 to 10:00
Duration (5) Months

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန္ဒာအေး မှတ်ပုံတင်အမှတ် ၁၂/မဘန(နိုင်) ၀၁၁၀၁၈သည် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သံတံတားလမ်းရှိ အမှတ် ၄၄၊ မြေညီထပ်ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးကို လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးသန်းဇော် မှတ်ပုံတင်အမှတ် ၁၂/စခန(နိုင်)၀၁၅၇၅၅ထံမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အထက်ပါတိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ခင်စန္ဒာအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဟန်နီမိုးစံ
LL.B,D.B.L,D.I.L
အထက်တန်းရှေ့နေ (စဉ်-၃၀၁၃၁)
၃/၅၊ ပဏ္ဍိတလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် ဖုန်း-၅၀၄၇၀၆။

ဦးအောင်ဝင်း
L.C.C.I June 12
- 371741, 240824, 381350

အမည်ပြောင်း
အဖ ဦးအောင်ဇော်မျိုး ၉/မထလ(နိုင်)၀၉၀၁၈၄၏ သား အမက(၉) မရမ်းကုန်း၊ ပထမတန်း(C)မှ မောင်ဘုန်းပြည့်ဇော်အား မောင်ပြည့်ဖြိုးပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ပြည့်ဖြိုးပိုင်။**

ရွှေမင်းသား

မွေးသက္ကရာဇ်အမှန်
အဖ ဦးသိန်းဇံ၏သမီး မြစ်ကြီးနားမြို့၊ အလက(၄)၊ အဌမတန်း(D)မှ မယွန်းမီမီသိန်း၏ မွေးသက္ကရာဇ် အမှန်မှာ ၁၈-၁၀-၁၉၉၅ ဖြစ်ပါသည်။

အမည်ပြောင်း
အဖ ဦးစံရွှေ၏သား မိုးညွှင်း အထက(ခွဲ) အုတ်ကျင်း၊ နဝမတန်း(A)မှ မောင်အေစိုင်းအား မောင်ကျော်သိန်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်ကျော်သိန်းထွန်း။

ဖခင်အမည်မှန်
မြစ်ကြီးနားမြို့၊ အလက(၁)၊ ဆဌမတန်း(B)မှ မောင်သီဟမင်းသက်၏ ဖခင်အမည်မှန်မှာ ဦးသန်းအောင် ဖြစ်ပါသည်။
ဦးသန်းအောင်။

အမည်ပြောင်း
အဖ ဦးဝင်းသိန်း၏သမီး အထက(၁) သန်လျင်၊ တက္ကသိုလ်ဝင်တန်း(A)မှ မစပယ်မိုးအား မမေမိုးစံဟု ပြောင်းလဲခေါ်ပါရန်။
မမေမိုးစံ။

အမည်ပြောင်း
အဖဦးနေမျိုးထိုက်၏သား မြိတ်မြို့၊ အလက(၁)၊ စတုတ္ထတန်းအောင်မှ မောင်ယဉ်ပြုံးအား အိမ်ထောင်စုစာရင်းအရမောင်အောင်ကျော်ဇောဟုပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကျော်ဇော။**

ဦးသာခင် သွက်ချာပါဒ ဆေးမင်းဆေးမြီး
ISO 9001:2008 GMP

RVI CENTRE YANGON
Diploma in English New Classes Starting from 29 May 2010
Beginner Level : 29 May 2010 2:00 pm – 3:30 pm (Sat & Sun)
Elementary Level : 29 May 2010 3:45 pm – 5:15 pm (Sat & Sun)
Venue RV! CENTRE Parkroyal Hotel , 33, Alanpya Payar Road, Dagon Tsp, Yangon.
Ph: 250388 ext 332 , 333.

လျှပ်စစ် - စက်ပြင် - ပိုက်ဆက်
Tel: 392233/377576/385758
Pipe Fitter
Structural Fitter
(Supervisor/Foreman)
Pipe Fitter
Structural Fitter
Low Levy
TIG / 3G /4G
Pipe/Structural Fitter
Tel: 392233/377576/385758

အမည်ပြောင်း
အဖ ဦးစောသိန်း၏သား အထက(၂) ကမာရွတ်၊ သတ္တမတန်း(B)မှ မောင်ထက်အောင်သူအား မောင်စောထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စောထက်အောင်။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
စစ်ကိုင်းတိုင်း၊တန့်ဆည်မြို့၊ ပေါ်ဦးရပ်ကွက်နေ အဖ ဦးထွန်းဝေ ၅/တဆန(နိုင်)၀၀၄၀၀၅ ၏ သမီးဖြစ်သူ မဆန်းနု(ခ)မဆန်းဆန်းနု ၅/တဆန(နိုင်)၀၀၃၇၂၅သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စကြီးငယ်အားလုံးကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဖခင် ဦးထွန်းဝေ။

ဖခင်အမည်မှန်
မရမ်းကုန်း အလက(၁) အဌမတန်း(A)အောင်မှ မောင်စည်သူအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်အေး ၁၂/မရက(နိုင်)၀၃၆၂၁၂ ဖြစ်ပါသည်။
ဦးမောင်မောင်အေး။

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု

TMW
ELECTRONICS & LIVING 2010
May 27th to 30th, 2010 Tatmadaw Hall
KMD
HOME GLORY
ASAHI
YEE SHIN
SUPER RICH
FUTURE STEP
DoCoMo
CTC
KING EMPIRE
UNIQUE
Toshiba Kyaw Win

ကွတ်ခိုင်မြို့ပေါ်သို့ ရေဖြန့်ဝေပေးလျက်ရှိသော ခိုဒင်စိမ့်စမ်းရေထွက်ရေ သိုလှောင်ထားရှိနိုင်မှုအခြေအနေကို မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် အမှုဆောင်အရာရှိ ဦးနန်းဖိန်းလှအောင်တို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းက ရေထွက်အားနှင့် ရေသိုလှောင်နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။
(မြို့နယ် ပြန်/ဆက်)

ဘူမိအင်ဂျင်နီယာ ပညာရပ်ပို့ချမည်

ရန်ကုန် မေ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် Geotechnical Engineering Course (Level-1) သင်တန်း အမှတ်စဉ် (၃)ကို မေ ၂၈ရက်မှ စတင်၍ သုံးလကြာ သင်ကြားပို့ချမည်ဖြစ်သည်။

တက်ရောက်လိုသူများသည် B.Sc (Geology), B.Sc. Engg. (Gem & Gem Mining), B.Tech/ B.E (Civil or Mining) ဘွဲ့ရများဖြစ်ပြီး မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဖုန်း-၅၁၇၆၇၃၊ ၅၁၇၆၇၆ လိုင်းခွဲ(၅၀၁)၊ ဦးဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၁-၉၆၇၅၈နှင့် ဦးအောင်မြတ်ကျော် ဖုန်း-၀၉-၅၁-၆၂၁၆၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ ***(သတင်းစဉ်)***

ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စွယ်တော်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဝင်း ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)



မေ ၂၅ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကို အထက(၁)လှိုင်၊ ဘုရင့်နောင်ခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်သူဇော်က ကျောင်းသား ကျောင်းသူ ၂၀ တို့အား စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်စဉ်။
(၁၂၈)

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေး ရေဂါလန် ၆၀၀၀၀ဆံ့ ရေဝေကန်မှ မြို့တွင်း ရေဖြန့်ဝေပေးနေမှုအခြေအနေကို မေ ၁၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်စောတို့ ကွင်းဆင်း ကြည့်ရှုစဉ်။
(ခရိုင် ပြန်/ဆက်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချန်ပီယံလိဂ် အကောင်းဆုံးဘောလုံးအသင်း သူတို့ပါဝင်

ရေးသူ-မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် မေ ၂၆

၂၀၀၉-၂၀၁၀ ချန်ပီယံလိဂ်ဘောလုံးရာသီ ပြီးဆုံးခဲ့ပြီဖြစ်သည်။ နှစ်စဉ် ချန်ပီယံလိဂ်ဘောလုံးရာသီကုန်တိုင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အသင်းများမှ အကောင်းဆုံးဘောလုံးသမားများကို ရွေးချယ်ကာ ဥရောပဘောလုံး အဖွဲ့ချုပ်က တစ်ရာသီအတွင်း အကောင်းဆုံး ချန်ပီယံလိဂ် ဘောလုံးအသင်းတစ်သင်းကို ရွေးချယ် အသိအမှတ်ပြုခဲ့သည်။ ၂၀၀၉-၂၀၁၀ ချန်ပီယံလိဂ်ဘောလုံးရာသီ၌ အကောင်းဆုံးနေရာအလိုက် ဘောလုံးသမားများကို ရွေးချယ်ခဲ့ရာတွင် ချန်ပီယံလိဂ်ဖလားဆွတ်ခူးရရှိခဲ့သည့် အင်တာမီလန်အသင်းမှ ဘောလုံးသမားလေးဦး ပါရှိခဲ့သည်။ ယခုနှစ်ရွေးချယ်ခံရသည့် ချန်ပီယံလိဂ်နေရာအလိုက် အကောင်းဆုံးဘောလုံးသမားများကို ဖော်ပြရပါလျှင်-

မိုင်ကွန် (နောက်တန်း)

အင်တာမီလန် နောက်တန်းခံစစ်မှူး ဖြစ်သည်။ ညာနောက်တန်းခံစစ်မှူး ဖြစ်ပြီး ဂိုးရေိယာအတွင်း တစ်ဖက်အသင်း တိုက်စစ်မှူးများ၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ပါးနပ်စွာ ဟန့်တားနိုင်သူဖြစ်သည်။ အင်တာမီလန်အသင်း ယခုနှစ် ချန်ပီယံလိဂ်ဖလား ရရှိရေးတွင် အဓိကစွမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်သည်။ တစ်ဖက်အသင်းတိုက်စစ်မှူးများ၏ အပိုင်ကန်သွင်းခွင့် အကြိမ် ၄၀ ခန့်ကို မိုင်ကွန်က ဟန့်တား ဖျက်ထုတ်နိုင်ခဲ့သူဖြစ်သည်။

ဂျေ့ချ်ဘတ် (ဂိုး)

ဘေယန်မြူးနစ်ဂိုးသမားဖြစ်သည်။ ယခုနှစ် ချန်ပီယံလိဂ်ပွဲစဉ်များ စတင်သည့်အချိန်မှ နောက်ဆုံးဗိုလ်လုပွဲအထိ အပိုင်ဂိုးသွင်းမှု ၅၈ဂိုးကို ကာကွယ်ပေးနိုင်ခဲ့သည်။ ဘေယန်မြူးနစ်တို့ နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်ရေးတွင် အရေးပါသည့် ဂိုးသမားဖြစ်သည်။ စိတ်တည်ငြိမ်ပြီး ဆုံးဖြတ်ချက်မှန်ကန်ကာ ဘေယန်မြူးနစ် ဂိုးပေါက်ကိုလက်စွမ်းပြကာကွယ်နိုင်သူဖြစ်သည်။

မိုက်ကယ်စီရာနီ (နောက်တန်း)

ဘော်ဒိုးအသင်း နောက်တန်းခံစစ်မှူး ဖြစ်သည်။ တစ်ဖက်အသင်း တိုက်စစ်မှူးများကို ကြားဖြတ်ဟန့်တားနိုင်သကဲ့သို့ ခံစစ်ကို အမှားအယွင်းမရှိ ကစားနိုင်သူဖြစ်သည်။ ဘော်ဒိုးအသင်းအတွက် တိုက်စစ်ကိုလည်း လိုက်ပါကစားနိုင်ပြီး ကစားဖော်များ ဂိုးသွင်းနိုင်ရန် ကြိုးစားပေးနိုင်သူဖြစ်သည်။ ချန်ပီယံလိဂ်ပွဲစဉ်၌ သုံးဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။

လူစီယို (နောက်တန်း)

အင်တာမီလန် နောက်တန်းခံစစ်မှူး ဖြစ်သည်။ ပြီးခဲ့သည့် နွေရာသီက ဘေယန်မြူးနစ်မှ အင်တာမီလန်သို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး နောက်တန်းခံစစ်မှူးများအနက် ဂိုးရေိယာအတွင်း အမှားအယွင်း အနည်းဆုံးဖြင့် ဟန့်တားကာကွယ်နိုင်သူဖြစ်သည်။ အင်တာမီလန်ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့ရာတွင် လူစီယို၏ အခန်းကဏ္ဍ ကြီးမားကြောင်း နည်းပြ မော်ရင်ဟိုက ထုတ်ဖော်ချီးကျူးခဲ့သည့်သူလည်းဖြစ်သည်။

စီဆိုဟို (နောက်တန်း)

လိုင်ယွန်အသင်းမှ ဘယ်ခံစစ်မှူး ဖြစ်သည်။ တစ်ဖက်အသင်း တိုက်စစ်မှူးများအား ဟန့်တားပိတ်ဆို့ရာတွင် နာမည်ကြီးသူဖြစ်သည်။ လိုင်ယွန်အသင်း ခံစစ်ကြောင်းကို ဘယ်ခြမ်းမှ ထိုးဖောက်၍ မရအောင်၊ ခံစစ်လုံအောင် ကစားနိုင်သူဖြစ်သည်။ စီဆိုဟို၏ ခြေစွမ်းထက်မြက်မှုကြောင့် လာမည့်နွေရာသီ၌ အေစီမီလန်က ခေါ်ယူထားသူဖြစ်သည်။

ကမ်ဘီယာဆို (အလယ်တန်း)

အင်တာမီလန်ကွင်းလယ်ကစားသမား ဖြစ်ပြီး တစ်ဖက်အသင်း တိုက်စစ်ကို ကွင်းလယ်မှ ဖြတ်တောက် ဟန့်တားနိုင်သူဖြစ်သည်။ ထို့အတူ တိုက်စစ်မှူးများဂိုးသွင်းခွင့်ရရန် ဖန်တီးပေးရာတွင်လည်း ထူးခြားထက်မြက်သည်။ အာဂျင်တီးနား၏ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်း၌ နည်းပြ မာရာဒိုနာက ရွေးချယ်ထားပြီး အားထားခံရသူဖြစ်သည်။

ရှနိုက်ဒါ (အလယ်တန်း)

အင်တာမီလန်အသင်း ကွင်းလယ်ကစားသမားဖြစ်ပြီး ဘောလုံးဖြန့်ဝေပေးရာ၌ ထူးချွန်သူဖြစ်သည်။ ဘောလုံးထိန်းသိမ်းမှု ကျွမ်းကျင်ပြီး လျင်မြန်ပါးနပ်သူဖြစ်သည်။ ကိုယ်တိုင်ဂိုးသွင်းနိုင်သလို တစ်ဖက်အသင်း နောက်တန်းကို ကွင်းလယ်မှ ထိုးဖောက်မွှေနှောက်နိုင်သူဖြစ်သည်။ ယခုနှစ်နွေရာသီ၌ ရီရဲမက်ဒရစ်က ကမ်းလှမ်းထားသည်။



ရွန်နီ (ရှေ့တန်း)

မန်ယူနှင့် အင်္ဂလန်တိုက်စစ်မှူး ဖြစ်သည်။ မန်ယူအသင်းဆုဖလားများ ရရှိအောင် စွမ်းဆောင်ပေးနိုင်သူဖြစ်သည်။ အင်္ဂလန်အသင်းအတွက်လည်း အဓိကကစားသမားတစ်ဦးဖြစ်သည်။ ခြေချင်းဝတ်ဒဏ်ရာကြောင့် ကြံ့ခိုင်မှုမရှိသေးသူဖြစ်ပြီး မန်ယူအသင်းအတွက် ဂိုးများကို အဓိက သွင်းယူပေးနေသူ ဖြစ်သည်ဟု ဥရောပ ဘောလုံးအဖွဲ့ချုပ်က မှတ်ချက်ပြု ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဆာဗီး (အလယ်တန်း)

ဘာစီလိုနာအသင်းမှ ကွင်းလယ်ကစားသမားဖြစ်ပြီး ဘောလုံးအထိန်းအသိမ်း ကျွမ်းကျင်သူဖြစ်သည်။ တိုက်စစ်ကို ကွင်းလယ်မှ စတင်နိုင်သူဖြစ်ပြီး တိုက်စစ်မှူးများ ဂိုးသွင်းနိုင်ရန် အမှားအယွင်းနည်းစွာ ဘောလုံး ဖြန့်ဝေပေးနိုင်သူဖြစ်သည်။ ကမ္ဘာပေါ်တွင် အကောင်းဆုံး ကွင်းလယ် ကစားသမားများအနက် တစ်ဦးအပါအဝင် ဖြစ်သည်။

မက်ဆီ (ရှေ့တန်း)

ဘာစီလိုနာ တိုက်စစ်မှူးဖြစ်ပြီး ဘောလုံးထိန်းသိမ်းမှုကျွမ်းကျင်သည့်အပြင် အဆုံးသတ်ဂိုးသွင်းမှု သေချာသူလည်းဖြစ်သည်။ တစ်ဖက်အသင်း ဂိုးရေိယာအတွင်း လျင်မြန်စွာဂိုးသွင်းနိုင်သူဖြစ်သည်။ အာဂျင်တီးနား၏ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်း တိုက်စစ်မှူးလည်းဖြစ်သည်။ ယခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအတွက် ရေပန်းစားနေသူလည်း ဖြစ်သည်။

ရော်ဘင် (ဘယ်တောင်ပံ)

ဘေယန်မြူးနစ်အသင်း၏ ဘယ်တောင်ပံကစားသမားဖြစ်သည်။ ရီရဲမက်ဒရစ်မှ ဘေယန်မြူးနစ်သို့ ပြောင်းရွှေ့လာသူဖြစ်ပြီး ဘေယန်မြူးနစ်အသင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်ရန် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံး ဘယ်တောင်ပံ ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။ ။

ကိုးကား-အင်တာနက်

အင်္ဂလန်အသင်းခေါင်းဆောင် ဖာဒီနန် ကမ္ဘာ့ဖလားကစားရန် အသင့်ဖြစ်နေ

မြင့်မောင်စိုး
စုစည်းသည်



လန်ဒန် မေ ၂၆

မန်ယူနောက်တန်းခံစစ်မှူး ရီယိုဖာဒီနန်က မိမိအနေဖြင့် လာမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားရန် စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာပါ အသင့်ဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၃၁နှစ်ရှိ ဗဟိုခံစစ်မှူး ဖာဒီနန်သည် ပြီးခဲ့သည့် ပရီမီယာလိဂ်ရာသီတွင် ကျောဒဏ်ရာရခဲ့သဖြင့် မန်ယူအတွက် ၂၁ပွဲသာ ကစားပေးနိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် ဇွန် ၁၂ရက်တွင် အမေရိကန်အသင်းနှင့် ကမ္ဘာ့ဖလားပွဲ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ရာ ဖာဒီနန် အနေဖြင့် စတုတ္ထ အကြိမ်မြောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအဖြစ် ပါဝင်ကစားမည်ဖြစ်သည်။

စွမ်းဆောင်

၎င်းသည် လွန်ခဲ့သော ၁၂နှစ်က ပြင်သစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်ပြီး အင်္ဂလန်ကစားသမား ဖြစ်လာခဲ့သည်။ ထို့နောက် ၂၀၀၂နှင့် ၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲများတွင်လည်း အင်္ဂလန်အသင်းအတွက် အဓိကစွမ်းဆောင်ကစားခဲ့သူဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အက်ဆီယံပါဝင်ရန် မသေချာ



လန်ဒန် မေ ၂၆

ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်ဆီယံသည် လာမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဂါနာအသင်းတွင် ပါဝင်ရေး ယခုသီတင်းပတ်အတွင်း အဆုံးအဖြတ်ပေးရတော့မည်ဖြစ်သည်။

အသက် ၂၇နှစ်ရှိ အက်ဆီယံသည် ဇန်နဝါရီလအတွင်းက ဒူးခေါင်းအရွတ်ထိခိုက်ဒဏ်ရာရခဲ့သဖြင့် ငါးလကြာဘောလုံးကစားခြင်းမှ အနားယူခဲ့ရသည်။ အက်ဆီယံအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ဇွန် ၅ရက်တွင် လတ်ဗီးယားအသင်းနှင့် ချစ်ကြည်ရေးပွဲ ပါဝင်ကစားရန် မျှော်လင့်ထားသည်။

မသေချာ

ဂါနာအသင်းတာဝန်ရှိသူများနှင့် အက်ဆီယံတို့ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားရေး ဆွေးနွေးလျက်ရှိသည်။ ဒဏ်ရာသိသိသာသာ ပျောက်ကင်းမှုမရှိပါက ပါဝင်ကစားရန် မသေချာပေ။ ဂါနာအသင်းသည် ဇွန် ၁၁ရက်မှစပြီး ဆားဘီးယား၊ ဩစတြေးလျ၊ ဂျာမနီ အသင်းများနှင့် ကစားရမည်ဖြစ်သည်။ (အင်တာနက်)

မန်ယူ ကစားသမားဟောင်း ဘလန့် ပြင်သစ်အသင်း နည်းပြဖြစ်လာ

ပါရီ မေ ၂၆

မန်ယူကစားသမားဟောင်း လောရင့်ဘလန့်သည် ဘော်ဒိုးနည်းပြတာဝန်မှ နုတ်ထွက်ပြီး ပြင်သစ်အသင်းနည်းပြဖြစ်လာသည်။

ဘလန့်သည် ပြင်သစ်နည်းပြကြီး ရေမွန်ဒိုမီနက်၏ နည်းပြအရာကို ဆက်ခံခဲ့ခြင်းဖြစ်သည်။ အသက် ၄၄နှစ်ရှိ မန်ယူခံစစ်မှူးဟောင်း ဘလန့်သည် ၂၀၀၉ခုနှစ်က ဘော်ဒိုးအသင်းကို ဖလားနှစ်လုံးရအောင် ကြိုးစားပေးနိုင်ခဲ့သည်။ သို့သော် ယခုနှစ်ရာသီတွင် ဖလားတစ်လုံးမျှ မရခဲ့ပေ။ ဘလန့်သည် ၁၉၉၈ခုနှစ်က ပြင်သစ်အသင်းကို ကမ္ဘာ့ဖလားရအောင်ဆွတ်ခူးပေးရာ၌ လည်းကောင်း၊ ယူရို ၂၀၀၀တွင်လည်းကောင်း အဓိက စွမ်းဆောင်ကစားပေးခဲ့သူဖြစ်သည်။

ဗဟိုခံစစ်မှူးဘလန့်သည် ပြင်သစ်အသင်းတွင် ၉၇ပွဲပါဝင်ကစားခဲ့ပြီး ၁၆ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၎င်းသည် ၂၀၀၃ခုနှစ်က မန်ယူနှင့်အတူ ပရီမီယာလိဂ်ဖလားရယူပြီးနောက် ကစားသမားဘဝမှ အနားယူကာ ၂၀၀၇ခုနှစ်တွင် ဘော်ဒိုးအသင်းနည်းပြဖြစ်လာသည်။ (အင်တာနက်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ခံစစ်မှူး ရစ်ချတ်အား လီဗာပူးက ခေါ်ယူဖွယ်

လီဗာပူးအသင်းသည် နွေရာသီ အပြောင်းအရွှေ့ဈေးကွက်တွင် မန်စီးတီး ခံစစ်မှူး မီကာ့ကဲရစ်ချတ်အား ပေါင် ၁၂သန်းဖြင့် ကမ်းလှမ်းခေါ်ယူဖွယ်ရှိသည်။

တိုက်စစ်မှူးဗန်ဒါဗတ်အား ခေါ်ယူရန် မန်ယူပြင်ဆင်

မန်ယူအသင်းသည် ရီရဲမက်ဒရစ်တိုက်စစ်မှူး ဗန်ဒါဗတ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း စပိန်မီဒီယာများက ဖော်ပြသည်။

ရီရဲကို မော်ရင်ဟိုတာဝန်ယူချိန်၌ ဂျရတ်အားခေါ်ယူဖွယ်

အင်တာမီလန်နည်းပြ ဂျို့စ်မော်ရင်ဟိုသည် လာမည့်ဘောလုံးရာသီတွင် ရီရဲမက်ဒရစ် နည်းပြအဖြစ် ပေါင်သန်း ၄၀တန် လေးနှစ်စာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျရတ်အား ခေါ်ယူဖွယ်ရှိကြောင်း၊ အင်တာမီလန်အသင်း ညာခံစစ်မှူးမိုင်ကွန်သည် ဘာနေဗျူးတွင် မော်ရင်ဟို၏ ပထမဦးဆုံး စာချုပ်ခေါ်ယူမည့် ကစားသမားဖြစ်လာဖွယ်ရှိကြောင်း ဖော်ပြသည်။

လီဗာပူးသို့ ပြောင်းရွှေ့လိုကြောင်း မီလ်နာ ဖွင့်ဟ

လီဗာပူးသို့ ပြောင်းရွှေ့လိုသည်ဟု အက်စ်တွန်ဗီလာကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာက ဖွင့်ဟပြောကြားခဲ့ကြောင်း၊ အသက် ၂၄နှစ်ရှိ အင်္ဂလန် လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား မီလ်နာအား မန်ယူ၊ မန်စီးတီးနှင့် ချယ်လ်ဆီးတို့ကလည်း စာချုပ်ခေါ်ယူလိုကြောင်း သိရသည်။

မိုဒရစ်အား ကမ်းလှမ်းရန် ချယ်လ်ဆီး ပြင်ဆင်

ချယ်လ်ဆီးအသင်းသည် စပါးအသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သည့် လူကာမိုဒရစ်အား ပြောင်းရွှေ့ကြေး ပေါင် ၂၆သန်းဖြင့် ကမ်းလှမ်းရန် စီစဉ်နေသည်။

ဘာကာသို့ ပြန်ပြောင်းရန် ဖာဘရီဂတ်စ် ဆုံးဖြတ်

အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်သည် ယခုနွေရာသီတွင် ၎င်းလူငယ်ဘဝက ကစားခဲ့သော ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း၊ ယင်းသို့ ပြောင်းရွှေ့ရန်ဆုံးဖြတ်ထားမှုကို အာစင်ဝင်းဂါးက စိတ်ပြောင်းအောင်ဆောင်ရွက်ရန် မစွမ်းဆောင်နိုင်ခဲ့ကြောင်း ဖော်ပြသည်။

မန်စီးတီးသို့ ပြောင်းရွှေ့လိုဟု အိုင်ယာလန်ဖွင့်ဟ

အသက် ၂၃နှစ်ရှိ အိုင်ယာလန်ကွင်းလယ်ကစားသမား စတီဖင်အိုင်ယာလန်က ၎င်းပြောင်းရွှေ့လိုသောအသင်းမှာ မန်စီးတီးအသင်းဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ဘယ်လာမီအားခေါ်ယူရန် အဲဗာတန်နှင့်စပါး ကြိုးပမ်း

မန်စီးတီးတွင် နေရာမရဖြစ်နေသော ဝေလလက်ရွေးစင်အသင်းတိုက်စစ်မှူး ခရစ်ဘယ်လာမီအား စာချုပ်ခေါ်ယူရန် အဲဗာတန်နှင့် စပါးတို့ ကြိုးပမ်းနေကြသည်။

အက်စ်တွန်ဗီလာသို့ ရော်ဘီကိန်း ပြောင်းရွှေ့ဖွယ်

ရော်ဘီကိန်းသည် စပါးမှ အက်စ်တွန်ဗီလာသို့ ပေါင် ၁၅သန်းဖြင့် ပြောင်းရွှေ့ဖွယ်ရှိကြောင်း၊ ဗီလာအသင်းအနေဖြင့် ဂျိမ်းစ်မီလ်နာအား မန်စီးတီးသို့မဟုတ် ချယ်လ်ဆီးက ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ဖြင့် ခေါ်ယူပါက ရော်ဘီကိန်းအား ခေါ်ယူရန်စီစဉ်ထားကြောင်း သိရသည်။

ပြင်သစ်အိုးပင်းပြိုင်ပွဲ နယ်လ်ဘန်ဒီယန်ကျောခိုင်းခဲ့ရ

အသက် ၂၈နှစ်အရွယ်ရှိ အာဂျင်တီးနားတင်းနစ်ကစားသမား ဒေးဗစ်နယ်လ်ဘန်ဒီယန်သည် တံကောက်ကြောဒဏ်ရာကြောင့် ကျင်းပလျက်ရှိသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ကျောခိုင်းခဲ့ရကြောင်း၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်ရှိကြောင်း ဖော်ပြသည်။

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဖက်ဒဲယာနိုင်ပွဲရရှိ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပလျက်ရှိသော ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် လက်ရှိချန်ပီယံ ကမ္ဘာ့အဆင့်(၁) ရော်ဂျာဖက်ဒဲယာသည် ပြိုင်ဘက် ဩစတြေးလျတင်းနစ်သမား ပီတာလပ်ဇက်အား ၆-၄၊ ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ၎င်း၏သရဖူကာကွယ်ရေးခြေလှမ်းကို စတင်လိုက်သည်။ ။

(အင်တာနက်)

27-5 (15).pmd 1 5/27/2010, 2:32 AM

နွေရာသီစာတတ်မြောက်ရေး ပြီးမြောက်အခမ်းအနား
ဒီမော့ဆိုမြို့နယ် ဆော်ဘောသဲကျေးရွာ၌ကျင်းပ

ဒီမော့ဆို မေ ၂၀

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ၂၀၁၀ခုနှစ် နွေရာသီစာတတ်မြောက်ရေးလုပ်ငန်း ပြီးမြောက်ခြင်းအခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၁၀နာရီက ဒီမော့ဆိုမြို့နယ် ဆော်ဘောသဲကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

လက်တွေ့ပြသ

ရှေးဦးစွာ လက်ထောက်ပြည်နယ်ပညာရေးမှူး ဦးစောရှမူလာက နွေရာသီစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်မေဝင်းက နွေရာသီစာတတ်မြောက်ရေးလုပ်ငန်းတွင် သင်ကြားဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သင်တန်းသားများက အရေးအဖတ်စွမ်းရည် လက်တွေ့ပြသကြသည်။

သင်ကြားပေး

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကား ပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ နွေရာသီစာတတ်မြောက်ရေးလုပ်ငန်းကို ဒီမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာအုပ်စုနှင့် လိုပူကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ရှစ်ရွာတို့မှ သက်ကြီး စာမတတ်သူ ၇၀၊ သက်လတ် စာမတတ်သူ ၇၈ဦးနှင့် သက်ငယ်စာမတတ်သူ ၁၀၅ ဦး စုစုပေါင်း ၂၅၃ဦးကို ပညာရေးဌာနမှ ဆရာ ဆရာမ ၂၅ဦး၊ လူမှုရေးအသင်းအဖွဲ့များမှ လုပ်အားပေး ဆရာ ဆရာမ ၃၅ဦး စုစုပေါင်း ၆၀တို့က စာသင်ဝိုင်း ၂၀ဖွဲ့၍ ၂၀၁၀ခုနှစ် ဧပြီ ၁ရက်မှ ဧပြီ ၃၀ရက်အထိ သင်ကြားပေးခဲ့သည်။

ပေါင်းစပ်ညှိနှိုင်း

အခမ်းအနားအပြီးတွင် ပြည်နယ်ဥက္ကဋ္ဌက တက်ရောက်လာသော ကျေးရွာအုပ်စုနှင့် ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးရာ ဒေသခံပြည်သူများက မိမိတို့ဒေသအတွင်း လိုအပ်ချက်များကို အသီးသီး ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးလက်မီးရရှိရေး၊ လမ်းတံတားများ ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

ငွေချည် (၆)ဝါ စိုက်ခင်းများ ထွန်တုံးပိတ်ပွဲ
ဝက်လက်မြို့နယ် သမံသာကျေးရွာ၌ကျင်းပ

ဝက်လက် မေ ၁၉

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သမံသာကျေးရွာအုပ်စုတွင် ငွေချည် (၆)ဝါ စိုက်ခင်းဧက ၇၀ ထွန်တုံးပိတ်ပွဲကို ဧပြီ ၄ရက် နံနက် ၈ နာရီက သမံသာကျေးရွာ တောင်သူဦးမောက်နှင့်ဦးအောင်ငွေးတို့၏ ရှစ်ဧကကွင်း၌ စုပေါင်းစိုက်ပျိုးပွဲ ကျင်းပသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ မြို့နယ်မန်နေဂျာ ဦးလှမြင့်က စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များက သမံသာကျေးရွာတွင် စိုက်ပျိုးထားသော အကျိုးတူဝါခင်းများတွင် ရေတင်ခြင်း၊ သားခွဲခြင်း၊ ဖြည့်စွက်မြေဩဇာကျွေးခြင်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ ဆက်)**

လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

မန္တလေး မေ ၁၇

မန္တလေးတိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူး၍ ခရီးသွားပြည်သူများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပညာပေးခြင်း အခမ်းအနားကို ဧပြီ ၁ရက် ညနေ ၅နာရီခွဲက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပြည်ကြီးမျက်ရှင်ကားကြီးဝင်း၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ အခမ်းအနားတွင် မန္တလေးတိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အဖွင့်အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကိုယ်စား ရဲမှူးသက်နောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဖြန့်ဝေပညာပေး

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပြည်ကြီးမျက်ရှင်ကားကြီးဝင်းအတွင်းရှိ ခရီးသွားပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပညာပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မောက်မယ်မြို့နယ် နမ့်လွတ်ကျေးရွာ၌
ပညာဘဏ်စာကြည့်တိုက်အဆောက်အအုံဖွင့်

မောက်မယ် မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် နမ့်လွတ်ကျေးရွာ ပညာဘဏ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးသက်ဦးဆွေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းသန္တာဦးနှင့် နမ့်လွတ်ကျေးရွာဥက္ကဋ္ဌ ဦးဝါယမတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်ဦးဆွေက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းသန္တာဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက်စံ(၅)ရပ်နှင့်အညီ ဖြစ်စေရေး ရှင်းလင်းပြောကြားသည်။

လက်ခံ

ထို့နောက်စာအုပ်စာစောင်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသက်ဦးဆွေက စာအုပ်မျိုးစုံ ၅၀၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအုန်းသွင်က စာအုပ်မျိုးစုံ ၃၀၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းသန္တာဦးက စာအုပ်မျိုးစုံ ၅၀နှင့် ဌာနဆိုင်ရာများမှ စုပေါင်းလှူဒါန်းသောစာအုပ်မျိုးစုံ ၂၉၀ကို မြို့နယ်စာရင်းစစ်အရာရှိ ဦးမင်းလွင်က ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးဝါယမက လက်ခံယူသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်လေးက (EVD) စက်တစ်လုံးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝါယမက ၂၁လက်မ တီဗွီတစ်လုံး ပေးအပ်လှူဒါန်းရာ ကျေးရွာရပ်မိရပ်ဖ ဦးမောင်ဝင်းက လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

ရမည်းသင်း၌ မိုးစပါးစိုက်ရေး ချေးငွေများထုတ်ပေး

ရမည်းသင်း မေ ၂၃

မန္တလေးတိုင်း ရမည်းသင်းမြို့နယ်တွင် ၂၀၁၀ခုနှစ်အတွက် မိုးစပါးသီးနှံများ စိုက်ပျိုးထုတ်လုပ်သွားရန် ရမည်းသင်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်ချိုနွယ်ဦး ဦးစီးကာ စိုက်ပျိုးကြမည့်တောင်သူများအား စည်းမျဉ်းစည်းကမ်းနှင့်အညီ ချေးငွေများ ထုတ်ပေးလျက်ရှိသည်။

ရှင်းလင်းဖတ်ကြား

ချေးငွေများမထုတ်ပေးမီ မြို့နယ်မန်နေဂျာ ဒေါ်ချိုနွယ်ဦးက ရပ်ကွက်ကျေးရွာ ချေးငွေစိစစ်ရေးဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တောင်သူတို့အား ချေးငွေ စည်းမျဉ်းစည်းကမ်းများကို မေ ၂၀ရက်က ရှင်းလင်းဖတ်ကြားသည်။ ***(အောက်ပုံ)***

ကျေးရွာ ၆၄အုပ်စုတွင် ထုတ်ချေးရန်လျာထားသည့် ငွေပေါင်းမှာ ကျပ်သိန်း ၈၀၀၀ဖြစ်ကြောင်း သိရသည်။ ***(၁၆၉)***

မဲဇလီကုန်းဆေးရုံ၌ သုံးမြွှာပူးမွေးဖွား ကလေးများ ကျန်းမာလျက်ရှိ

အင်္ဂပူ မေ ၁၈

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် မဲဇလီကုန်းတိုက်နယ်ဆေးရုံတွင် ဧပြီ ၇ရက် နံနက် ၂နာရီက အင်္ဂပူမြို့နယ် မဲဇလီကုန်းနယ်မြေ ကရင်ကူးကျေးရွာအုပ်စု ကံ့ကော်ကွင်းကျေးရွာမှ ကိုချိုဦး၏ ဇနီး နော်အယ်စေးသည် သုံးမြွှာပူး မိန်းကလေး သုံးဦးကို ဆေးရုံမှ ဒေါက်တာဦးအောင်မြင့်စိုး၊ ဒေါက်တာ ခင်ချိုလတ်နှင့် ဆေးရုံဆရာမများက အောင်မြင်စွာမွေးဖွားပေးခဲ့သည်။ မိခင်နှင့် ကလေးသုံးမြွှာစလုံး ကျန်းမာလျက်ရှိကြပြီး ဆေးရုံဝန်ထမ်းများနှင့်အတူ မှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။ **(အောက်ပုံ)**

လှူဒါန်း

အဆိုပါသုံးမြွှာပူးမွေးဖွားသော မိခင်နှင့် ကလေးသုံးဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဧပြီ ၂၄ရက်က သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး၏ဇနီးနှင့် ဝန်ထမ်းမိသားစုတို့က အလှူငွေများကို မတည်လှူဒါန်းခဲ့သည်။

(၁၄၀)

ကွင်းဆင်းကြီးကြပ်

တောင်ငူမြို့ ဘုရင့်နောင်ဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မေ ၁၃ရက်က မြို့နယ်မီးသတ်ဦးစီးမှူးထင်အောင်လင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဝင်းဆန်း၊ ဒုတိယဦးစီးမှူး(ဈေး)ဦးစောထိုက်ဝင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးကော်မတီဝင်များစုပေါင်း၍ ဈေးအတွင်း ကွင်းဆင်းကြီးကြပ်စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်အား

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၆/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၅၆/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၆ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်
THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒိုမီနီယံ၊ အခန်း(၃၀၁)၊ တိုက်(အက်ဖ်)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS အား ၂၀၁၀ပြည့်နှစ်၊ မေလ ၂၆ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS ၏ မှတ်ပုံတင်အမှတ်မှာ (၁၈) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့အလင်း — ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

အသက်ငယ်ငယ်နှင့် အရပ်မြင့်မားသူ

ကိုသစ္စာ - ရေးသားသည်

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သား အသက် ၁၄နှစ်အရွယ် ဘရင်ဒန် အမည်ရှိ လူငယ်တစ်ဦး၏အရပ်သည် သိသာထင်ရှားစွာ မြင့်မားလျက်ရှိသည်။ ၎င်းသည် အသက် ၁၀နှစ်အရွယ်မှစတင်ကာ တစ်ရှိန်ထိုး အရပ်မြင့်လာခဲ့ခြင်းဖြစ်သည်။

အမြင့်

ဘရင်ဒန်အမည်ရှိ လူငယ်လေး၏ လက်ရှိအရပ်အမြင့်မှာ ၇ပေနှင့် ၅လက်မ ရှိသည်။ ၎င်း၏ မိဘများက ဘရင်ဒန်သည် မွေးဖွားစမှ နှစ်နှစ်အရွယ်အထိ ပုံမှန်ခန္ဓာကိုယ် ဖွံ့ဖြိုးမှုအတိုင်းဖြစ်ခဲ့ပြီး အသက် သုံးနှစ်ကျော်မှသာ စတင်အရပ်ရှည်လာခြင်း ဖြစ်သည်ဟုဆို၏။

ဆက်လက်မြင့်မည်

ဘရင်ဒန်၏ ခန္ဓာကိုယ်ကြီးထွားမှုကို ဆရာဝန်များက စစ်ဆေးကြည့်ရာ အရပ်အမြင့် ကိုးပေခန့်အထိ ဆက်လက်မြင့်မားနိုင်ကြောင်း မှန်းဆထားသည်။ ။ (အင်တာနက်)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၆-၅-၂၀၁၀

ဝမြို့	၁၀	ဒသမ	၀၀	လက်မ
သံတွဲမြို့	၇	ဒသမ	၉၂	လက်မ
ဟုမ္မလင်းမြို့	၅	ဒသမ	၂၄	လက်မ
မြိတ်မြို့	၅	ဒသမ	၀၄	လက်မ
ဟသ္သာတမြို့	၄	ဒသမ	၇၂	လက်မ
လောင်းလုံမြို့	၄	ဒသမ	၆၁	လက်မ
ဖျာပုံမြို့	၄	ဒသမ	၅၇	လက်မ
သာယာဝတီမြို့	၄	ဒသမ	၄၀	လက်မ
ကျိုက္ခမီမြို့	၄	ဒသမ	၀၆	လက်မ

အင်္ဂလန်နှင့်ကစားမည့် အမေရိကန်အသင်း ခြေစစ်ပွဲမအောင်သော ချက်ကို ရှုံးနိမ့်

မြင့်မောင်စိုး ➤ ရေးသားသည်

ကွန်နက်တီကယ် မေ ၂၆

လာမည့် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများသည် ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားလျက်ရှိရာ မေ၂၆ရက်က အမေရိကန်အသင်းနှင့် ချက်အသင်းတို့ ကွန်နက်တီကယ်၌ ယှဉ်ပြိုင်ကစားသောပွဲတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ

စာမျက်နှာ ၈ ကော်လံ ၁ ✳